ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၂)

နိုင်ငံတော်အစိုးရလက်ထက် ပြည်သူတို့၏စီးပွားရေးဘဝ ထိရောက်စွာမြှင့်တင်နိုင်သည့်ရလဒ်ကောင်းများ

ယခု နိုင်ငံတော်အစိုးရ လက်ထက် တည်ဆောက်ပြီးဖြစ်သည့် ဆည်မြောင်းတာတမံပေါင်း ၁၆၂ခုနှင့် တည်ဆောက်ဆဲ ၂၀ ခုရှိပြီး မြစ်ရေတင် စီမံကိန်းပေါင်း ၂၆၅ ခုနှင့် စိုက်ပျိုးရေပေးနေဆဲအပြင် တည်ဆောက်ဆဲ စီမံကိန်း ၃၀တို့သည် ပစ္စုပ္ပန်ကာလတွင်ရော အနာဂတ်ကာလတွင်ပါ အကျိုးရလဒ်ကောင်းများကို ဖန်တီးနေမည်။ ယင်းစီမံကိန်းများကြောင့် လယ်ယာမြေကေ သန်းနှင့်ချီပြီး စိုက်ပျိုးရေးပုံစံကို ပြောင်းလဲသွားစေမည်။ နှစ်သီး၊သုံးသီး စိုက်ပျိုးနိုင်မှု အခွင့်အလမ်းများ ရရှိသွားစေမည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒများ၊ကမ္ဘာ့အဖွဲ့အစည်းများ၏လုပ်ရှားမှုများဆည်းပူးခဲ့ အတိတ်၊ပစ္စုပ္ပန်၊အနာဂတ်သုံးပါးစလုံးလေ့လာခြင်းဖြင့်နိုင်ငံတော်၏ဖြစ်စဉ်များကိုသဲကွဲစွာမြင်နိုင် ဖြစ်ရပ်မှန်များကိုနားလည်သဘောပေါက်ပြီးနိုင်ငံတော်၏လိုအပ်ချက်များဖြည့်ဆည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရေးမျက်ခြည်မပြတ်မခံဘဲသန္နိဋ္ဌာန်ဖြင့်တည်ဆောက်

ရန်ကုန် ဇူလိုင် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက် ၉နာရီ မိနစ်၂၀တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✱

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

ဝါဆိုလ၌ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းဆက်ကပ်လှူဒါန်းမှု ကောင်းမြတ်သည့်အစဉ်အလာ ဆက်လက်ထိန်းသိမ်း

ယနေ့သည်ကား ၁၃၆၆ ခုနှစ် ဝါဆိုလပြည့်(ဓမ္မစကြာနေ့) ဖြစ်သည်။

ဝါဆိုလပြည့်နေ့သည် ဘုရားရှင်၏ နေ့ကြီးရက်မြတ်သုံးမျိုးနှင့် အဓိကသက်ဆိုင်နေသည်။

သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ ဟောမြွက်လဝါဆို ဟူသော ရှေးပညာရှိများ၏ လင်္ကာအရ မြတ်စွာဘုရားရှင်နှင့်ပတ်သက်၍ ဝါဆိုလပြည့်နေ့သည် အောက်ပါနေ့ထူးနေ့မြတ်သုံးမျိုးနှင့် ကြုံကြိုက်နေပေသည်။

(၁) မြတ်စွာဘုရားရှင် ပဋိသန္ဓေယူသောနေ့ဖြစ်ခြင်း၊

(၂) မြတ်စွာဘုရားရှင် တောထွက်တော်မူသောနေ့ဖြစ်ခြင်း၊

(၃) မြတ်စွာဘုရားရှင် ဓမ္မစကြာတရားဦး ဟောတော်မူသောနေ့ဖြစ်ခြင်း။

မြတ်စွာဘုရားရှင် အလောင်းတော်သည် တစ်သောင်းသောစကြဝဠာမှ နတ်၊ ဗြဟ္မာများက ညီညာစွာစုရုံး၍ တောင်းပန်မှုကြောင့် မဟာသက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့်နေ့တွင် နတ်လူသတ္တဝါများ အေးချမ်းသာယာရေးအတွက် ချမ်းမြေ့ကြည်ဖြူစွာ ပဋိသန္ဓေယူတော်မူခဲ့သည်။

မြတ်စွာဘုရားအလောင်းတော်သည် ဖွားမြင်ပြီး၍ တစ်ဆယ့်ခြောက်နှစ်မြောက်သောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကိုမြင်၍ မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့်နေ့တွင် တောထွက်တော်မူလေသည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသောအခါ မိဂဒါဝုန်တောသို့ ကြွတော်မူ၍ ပဥ္စဝဂ္ဂီငါးပါးနှင့်တကွ တစ်သောင်းသော စကြဝဠာမှ လာရောက်ကြသော နတ်ဗြဟ္မာအပေါင်းတို့အား ဓမ္မစကြာတရားတော်မြတ်ကို တရားဦးအဖြစ် စတင်ဟောကြားတော်မူရာနေ့မှာလည်း မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ပင် ဖြစ်သည်။

ဓမ္မစကြာဟူသော ဝေါဟာရမှာ ဓမ္မ-စက္ကဟူသော ပါဠိတော်လာ ဝေါဟာရဖြစ်သည်။ ဓမ္မ၏ အဓိပ္ပာယ်မှာ ကျင့်ကြံပွားများသူတို့အား အပါယ်ဆင်းရဲသို့ မကျရောက်အောင် ဆောင်ထားသော တရားဟူ၍ အဓိပ္ပာယ်ရပြီး စက္က၏အဓိပ္ပာယ်မှာ စက်၊ ရဟတ်လည်စေခြင်း အဓိပ္ပာယ်ရသော စကြာဟူ၍ ဖြစ်သည်။ ထိုဝါဆိုလပြည့်နေ့တွင် ပဥ္စဝဂ္ဂီငါးပါးတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ထံမှ သစ္စာလေးပါးတရားတော်ကို နာကြားရပြီးနောက် ရဟန္တာများအသီးသီးဖြစ်သွားကြလေသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ ညဉ့်ဦးယံအချိန်တွင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ပဥ္စဝဂ္ဂီငါးပါးအား ဓမ္မစကြာသုတ်တော်ကို တရားဦးအဖြစ် ဟောကြားတော်မူသောကြောင့် ထိုဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟု သတ်မှတ်ပူဇော်ကြလေသည်။

ပုန်းညက်ကရကင်၊ ပြုဗ္ဗာသာဠ်၊ ပဥ္စင်းခံကြ ဝါဆိုလ ဟူသော စာပေကျမ်းဂန်လာ လင်္ကာအရ ဝါဆိုလမှာ ပုန်းညက်ပန်း ပွင့်ချိန်ဖြစ်သည်။ ကရကင်ရာသီပြုဗ္ဗာသာဠ်နက္ခတ်နှင့် ယှဉ်သည်။ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဓမ္မစကြာအခါတော်နေ့အခမ်းအနားများကို ကျင်းပကြသည်။

ဝါဆိုလတွင် သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ဝါတွင်းသုံးလကာလအတွင်း၌ ညအိပ်ညနေမသွားကြရဘဲ ကျောင်းတိုက်တစ်ခုတည်းမှာ ဝါဆိုဝါကပ်ခြင်းကိုအကြောင်းပြု၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများကို ကျင်းပကြသည်။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသည်မှာ သံဃာတော်အရှင်သူမြတ်များ ဝါဆိုသည့်အချိန် ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့အထိ ဝါတွင်းကာလတွင် ဝတ်ရုံနိုင်ရန်အလို့ငှာ ရည်မှန်း၍ လှူဒါန်းကြသည်ကို ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်ဟု ခေါ်သည်။

သို့ဖြစ်ရာ ဝါဆိုလအခါသမယတွင် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြခြင်း၊ ဝါဆိုပန်းများ ဆက်ကပ်လှူဒါန်းကြခြင်းဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ ကောင်းမြတ်သောအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းသွားကြခြင်းဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲနှင့်ဆားလင်းကြီးမှ ပြည်သူများတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၃၀

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့တွင်ရောက်ရှိနေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက ပုလဲမြို့နယ် မြကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပသော ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အခမ်းအနားသို့ မြကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ရှစ်ရွာမှ ဒေသခံပြည်သူ ၃၀၀ ကျော်တို့ တက်ရောက်ကြပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။ ထို့နောက် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာပြည်သူများအား ဆွေးနွေးမှာကြားပြီး မြကုန်းကျေးရွာ မူလတန်းကျောင်းဆောင် အပြီးသတ်ဆောက်လုပ်ရေးနှင့် ဘုန်းတော်ကြီးကျောင်းပြုပြင်ရေးအတွက် ဘိလပ်မြေအိတ် ၁၅၀၊ တနယ်ကျေးရွာ စာသင်ကျောင်းဆောက်လုပ်ရေးအတွက် ငွေကျပ်နှစ်သိန်း၊ မြကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ စာသင်ကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဖတ်စာအုပ်နှင့် ဘောပင်များ၊ အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် ဆားလင်းကြီးမြို့နယ် ရွာသမင်းကျေးရွာပြည်သူများက အရှည်ပေ ၃၇၀၀ ရှိ ရွာအဝင်လမ်းကို ရွာသူရွာသားများစုပေါင်း၍ ကျောက်ခင်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး **(ယာအပေါ်ပုံ)** လိုအပ်ချက်များကို ဒေသခံအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက် ဖြည့်ဆည်းပေးသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၁ နာရီတွင် ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ယာယီမဏ္ဍပ်၌ကျင်းပသော ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အခမ်းအနားသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ဒေသခံပြည်သူ ၃၀၀ ကျော်တို့ တက်ရောက်ကြပြီး စိုက်ပျိုးသီးနှံအထွက်တိုးရေး၊ စိုက်ပျိုးရေး လိုအပ်ချက်များ၊ ရွာချင်းဆက်လမ်းများ ဆက်သွယ်ဖောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး တိုးတက်ဖြစ်ထွန်းလာမှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြေအောက်ရေကို တူးဖော်၍ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်နှင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျေးရွာပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ကျားတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ကျားတက် အထက်တန်းကျောင်းနှင့် ပတ်ဝန်းကျင်ကျေးရွာ စာသင်ကျောင်းများအတွက် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်နှင့် ဘောပင်များကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် ကျားတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်ရေးအတွက် မနောသုခ သစ်သီးပွဲရုံ မန္တလေးမြို့မှ ဦးခင်မောင်-ဒေါ်စန်းရီတို့က ငွေကျပ် တစ်သိန်းခုနစ်သောင်း တန်ဖိုးရှိ ကွန်ပျူတာပရင်တာ တစ်လုံး၊ မန္တလေးမြို့မှ ဒေါက်တာဦးကံမြင့်၊ ဒေါက်တာဒေါ်ခင်မြင့်ကြည် (ကလေးအထူးကု ဆရာဝန်ကြီး)တို့က အလှူငွေကျပ်တစ်သိန်း၊ မန္တလေးမြို့မှ ဦးဝင်းထိန်-ဒေါ်သန်းသန်းအေးတို့က အလှူငွေကျပ်တစ်သိန်း၊ မန္တလေးပညာရေးကောလိပ်မှ ဂီတဌာနမှူး ဦးဗိုလ်မြင့်၊ ဒေါ်ခင်ဝင်းကြည်တို့က ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာ ၁၃ ရွာတို့မှ အင်အား ၁၅၀ ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ကြိုးပမ်းအကောင်အထည်ဖော်နေမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ကျေးရွာအလိုက် တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားပြီး နှောကူးတို့ကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းသို့ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ဆားလင်းကြီးမြို့ အမှတ်(၁)ရပ်ကွက် မြေဇွန်း အခြေခံပညာမူလတန်းကျောင်းအတွက် အလှူငွေကျပ်တစ်သိန်း၊ ပတ်ဝန်းကျင်ကျေးရွာများရှိ ကျောင်းများအတွက် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်နှင့် ဘောပင်များ၊ အဝတ်အထည်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြကုန်း၊ ကျားတက်၊ ဆားလင်းကြီးမြို့များ၌ ကျေးလက်ပြည်သူများနှင့် တွေ့ဆုံ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့်တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံစေရေး စသည့် ကဏ္ဍစုံတွင် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပုံ၊ ပြည်သူလူထုအနေဖြင့်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံတို့ကို အသေးစိတ် ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် အသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆားလင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမသို့ ရောက်ရှိပြီး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ အသင်းဝင်အင်အား တိုးပွားရေး၊ ကျစ်လျစ်သိပ်သည်းသော စည်းရုံးရေးစွမ်းရည်တိုးမြှင့်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်အောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

✡ ကျောဖုံးမှ

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး (၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရစ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး၊ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယကနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

တရားဦး သာသနာပြုဓမ္မစကြာတရားတော် အသံလွှင့်ဟောကြားတော်မူမည်

ရန်ကုန် ဇူလိုင် ၃၀

၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဇူလိုင် ၃၁ ရက် (စနေနေ့) နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော်ငါးပါးတို့က တရားဦးသာသနာပြု ဓမ္မစကြာတရားတော်နှင့် ဓမ္မစကြာသုတ် ပါဠိတော်များကိုလည်းကောင်း၊ ထိုနေ့မွန်းတည့် ၁၂ နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ ဆရာတော်ကပင် "ဆင်းရဲမှ လွတ်မြောက်ရေး တရားတော်"ကိုလည်းကောင်း အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မစကြာ မြတ်အခါ

* အို-မိဂဒါဝုန်၊ သာမျိုးစုံ၏
ရဂုံမြိုင်တွင်း၊ ထုံကြိုင်သင်းသည့်
လဲ့ဝင်းဖြူပြာ၊ နီရွှေဝါနှင့်
စုံစွာ ရောင်သွေး၊ ပန်းတို့မွှေးလျက်
ပြေးခုန်လွှားလွှား၊ ဆော့ကစားသည့်
သား သမင်ပေါ၊ ဘေးမဲ့တောသို့
မြတ်စောဗုဒ္ဓ၊ မြန်းကြွလာသည်
ဝါဆိုလပြည့် ညချမ်းတည်း။

* ဝါဆိုလပြည့် မိုးငွေ့ငွေ့တည့်
ထိုနေ့ညချမ်း၊ အလှဆန်းသည့်
လစန်းသီတဂူ၊ ဥဩဇမ္ဗူသို့
ထွက်ပြူဝင်းပ၊ အလင်းငှစဉ်
ဓမ္မစကြာ၊ ဒေသနာကို
မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသော်
နာရအထူး၊ တရားဦးကို
ညွှတ်နူးပန်ဆင်၊ ဦးထိပ်တင်သည်
ပဥ္စဝဂ္ဂီ ငါးပါးတည်း။

* ဓမ္မစကြာ၊ ဒေသနာကား
သစ္စာလေးပါး၊ မြတ်တရားကို
ထင်ရှား လူနတ်၊ မြင်စေအပ်သည့်
မိန့်မှတ် မြွက်ကျူး၊ တရားထူးတည့်
ညစ်ညူး ဘိရာ၊ ကိလေသာနှင့်
ဇာတိစသား၊ ဒုက္ခများလျှင်
မြစ်ဖျားခံရာ၊ တဏှာအစစ်
ကေန်ဖြစ်၏၊ ရင်းမြစ်သေချာ
တွေ့အောင်ရှာလျက်
သမ္မာဒိဋ္ဌိ၊ အစရှိသည့်
မဇ္ဈိမပဋိပဒါ၊ မဂ်ရစ်ဖြာဖြင့်
ဇာတိဒုက္ခ၊ ချုပ်ငြိမ်းရအောင်
ပယ်ရမည်မှာ၊ ထိုတဏှာဟု
မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသည်
လောကတန်ဆောင်၊ ဉာဏ်အရောင်လျှင်
ထွန်းပြောင် လျှံညီးခဲ့ပြီတည်း။

* **"ဩော်-ကာမသုခ၊ အတ္တကိလမထ
စွန်းစနှစ်ပါး၊ မလိုက်စားဘဲ
ရှစ်ပါး မဂ်၏၊ ဉာဏ်မျက်စိဖြင့်
မဇ္ဈိမပဋိပဒါ၊ မြတ်ဓမ္မာကို
ကောင်းစွာ မြင်သိ၊ ဆင်ခြင်ဘိ"**ဟု
အရိယ သစ္စာ၊ ထွန်းလင်းလာအောင်
မဟာကရုဏာတော်၊ မေတ္တာတော်ဖြင့်
ဟောဖော်ညွှန်ပြ၊ မြတ်ဗုဒ္ဓအား
ပဥ္စဝဂ္ဂီ၊ စသည်ဝင်ပါ
ဖြဟ္မာနတ်အပေါင်း၊ ငြိမ့်ငြိမ့်ညောင်းမျှ
သောင်းသောင်းဖြဖြ၊ ပူဇော်ကြသည်
သာစွရဂုံ မိဂဒါဝုန်။
လောက လမင်း အလင်းဂုဏ်။
တုလွတ်မဲ့ကင်း ပြီးပြည့်စုံ။ ။

မြင်းမူ မောင်နိုင်မိုး

ဒေးဒရဲမြို့နယ် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်လူမှုရေးထောက်ပံ့လှူဒါန်း

ရန်ကုန် ဇူလိုင် ၃၀

ဒေးဒရဲမြို့နယ် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် လူမှုရေး ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက ဒေးဒရဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကရဝိက်ခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဂုဏ်ထူးရရှိအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ပွဲရ အားကစားသမားများနှင့် ရန်ကုန်မြို့မှ အလှူရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် အငြိမ်းစားဆရာ ဆရာမကြီး ခုနစ်ဦးအား ဂါရဝပြု ထောက်ပံ့လှူဒါန်းခြင်း၊ မြို့ပေါ်အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း လေးကျောင်းမှ ဆရာ ဆရာမ ၁၁၁ဦးအတွက် ဝတ်စုံစရိတ်နှင့် ဆန်၊ ဆီများလှူဒါန်းခြင်း၊ ချို့တဲ့ကျောင်းသားများ ကျောင်းအပ်နှံရေးအတွက် ငွေပဒေသာပင် ကျပ် ၁၀သိန်းမတည် လှူဒါန်းခြင်း၊ အထက(၂) နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ရေးအတွက် ဘိလပ်မြေအိတ် ၃၀၀ လှူဒါန်းခြင်း၊ မြို့ပေါ်နှင့် အနီးဝန်းကျင်ရှိ ကျောင်းများအား ဗလာစာအုပ် ဒါဇင်၇၅၀၊ ခဲတံ ဒါဇင်၄၀၀နှင့် ဘောပင် ဒါဇင် ၄၀၀ထောက်ပံ့လှူဒါန်းခြင်း၊ ၂၀၀၃-၂၀၀၄ခုနှစ်ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင်မြင်ကြသော ကျောင်းသား ကျောင်းသူ ၂၉ဦးအားဆုများပေးအပ်ချီးမြှင့်ခြင်း၊ ဖျာပုံခရိုင် လေးမြို့နယ် အသက်(၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲဆုရ ဒေးဒရဲမြို့နယ်အသင်းနှင့် ဘောလုံးအားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများအတွက် ငွေပဒေသာပင်ကျပ်တစ်သိန်းမတည်လှူဒါန်းခြင်း၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ဆေးနှင့်ဆေးပစ္စည်း ကျပ်ရှစ်သိန်းလှူဒါန်းခြင်း အပါအဝင်လှူဒါန်းမှုအစုစုပေါင်းကျပ် သိန်း ၆၀ကျော်ဖြစ်ကြောင်းသိရသည်။ ယင်းနောက် အငြိမ်းစားကျောင်းအုပ်ဆရာကြီးဦးတင်မော်က ဩဝါဒစကား ပြောကြား၍ မြို့နယ်ဥက္ကဋ္ဌဦးထိန်လင်းကကျေးဇူးတင်စကားပြန်လည် ပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့် (ဇူလိုင်၃၁ရက်) ည၇နာရီတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြား ချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမာရွတ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ပညာရေးမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၃၀

ကမာရွတ်မြို့နယ်အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်း၊ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးမြငွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်တင်တင်မြနှင့် မူလတန်း ကျောင်းအုပ်ကြီးများ၊ ကျောင်းသား မိဘများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ထို့နောက် တက်ရောက်လာကြသူများက ဝါဆိုသင်္ကန်း ၉၉စုံကို အင်းစိန်မြို့နယ် မင်္ဂလာရာမ ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားရဲတပ်ဖွဲ့ ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၃၀

ရထားရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်သိန်း၊ ဇနီး ဒေါ်ကြည်ကြည်စန်း၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် ယနေ့နံနက် ၅ နာရီခွဲတွင် ရထားရဲတပ်ဖွဲ့မှူးရုံး ရန်ကုန်တွင် ပင့်သံဃာတော် ၁၅ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

အာဆီယံစျေးရောင်းပွဲတော်

ASEAN FOOD FESTIVAL

7 Aug: 2004 — Kandawgyi Palace Hotel
10:00 AM-2:00 PM — (Lake View)

ရေဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

✻ ရှေ့ဖုံးမှ

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

လေ့လာဆည်းပူးမှုကျေနပ်အားရ

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကားမြွက်ကြားရာတွင် ယနေ့သင်တန်းဆင်းပွဲအခမ်းအနားတွင် မောင်တို့မယ်တို့ကို မှာကြားစရာရှိသည်များကို မှာကြားမည်ဖြစ်ကြောင်း၊ သင်တန်းတက်နေစဉ်ကာလတွင် စာတွေ့လက်တွေ့ လေ့လာဆည်းပူးမှုများကို အလေးအနက်ဆောင်ရွက်ခဲ့ကြသည့်အတွက် ကျေနပ်အားရမှုဖြစ်ရကြောင်းကို ပြောကြားလိုကြောင်း။

သင်တန်းအသီးသီးတွင် မြန်မာနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့် သက်ဆိုင်သည့် ဖြစ်စဉ်ဖြစ်ရပ်များ၊ နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ဆိုင်ရာလုပ်ငန်းစဉ်များ၊ အပြည်ပြည်ဆိုင်ရာကဏ္ဍတွင် ဒေသတွင်းနှင့် ကမ္ဘာ့အဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုနှင့်လှုပ်ရှားမှုများကို လေ့လာဆည်းပူးခဲ့ကြပြီးဖြစ်ကြောင်း။

မိုးနည်းဒေသများတွင် မြစ်ရေတင်စီမံကိန်းများ ပြုလုပ်နိုင်သဖြင့် စပါးမစိုက်ခဲ့ဖူးသောဒေသများ ဒေသဆန်ဖူလုံပြီး စပါးစိုက်ပျိုးနိုင်ကြပြီဖြစ်ပေရာ ညောင်ဦးမြို့နယ် ငါ့သရောက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေပေးတူးမြောင်းနှင့် ရေတင်စခန်းကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-ကိုရဲ(စိုက်ပျိုးရေး)

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းတက်ရောက်ကြသူများသည် ပို့ချချက်များကို လေ့လာဆည်းပူးရုံသာမက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို လက်တွေ့ကွင်းဆင်းလေ့လာခြင်း၊ အဖွဲ့အလိုက်စာတမ်းများ ရေးသားဖတ်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း။

နိုင်ငံတော်အတွက်စွမ်းအားဖြစ်

မိမိနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးစလုံးကို စနစ်တကျလေ့လာကြည့်ခြင်းအားဖြင့် နိုင်ငံတော်၏ဖြစ်စဉ်ဖြစ်ရပ်များကို သဲကွဲစွာမြင်တွေ့နိုင်ပြီး နိုင်ငံတော်၏ပင်မကျသည့် လိုအပ်ချက်များကို သိရှိနိုင်ကြောင်း၊ နိုင်ငံသားတစ်ယောက်အနေဖြင့် ဖြစ်ရပ်မှန်များကို သိရှိနားလည် သဘောပေါက်ပြီး နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် ကိုယ်တိုင်ကိုယ်ကျ အပြုသဘော ပါဝင်ဆောင်ရွက်ခြင်းသည် အမျိုးသားရေးတာဝန်ကျေပွန်မှုဖြစ်ကြောင်း၊ ခံယူချက်မြင့်မားပြီး တာဝန်ကျေပွန်သည့် နိုင်ငံသားများသည် နိုင်ငံတော်အတွက် စွမ်းရည်စွမ်းအားပင်ဖြစ်ကြောင်း။

နိုင်ငံသားတိုင်းတွင် ရှိနေရမည့် ယင်းအရည်အသွေးသည် နိုင်ငံကလိုအပ်သည့် စွမ်းရည်စွမ်းအားဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးခံယူချက် မြင့်မားရေး၊ အမျိုးသားရေးတာဝန်ကျေပွန်ရေးအတွက် သင်တန်းအမျိုးမျိုးဖြင့် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း။

သန္နိဋ္ဌာန်စိတ်ဖြင့်ဖော်ဆောင်

တစ်မျိုးသားလုံး၏ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးဖြစ်သည်ဟု အခိုင်အမာချမှတ်ထားပြီးဖြစ်ကြောင်း၊ ယင်းပန်းတိုင် လုံးဝမျက်ခြည်မပြတ်စေဘဲ သန္နိဋ္ဌာန်စိတ်ဖြင့် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကို တည်ဆောက်ခြင်းသည် အလွန်လက်တွေ့ကျသည့် လုပ်ငန်းကြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပကတိလိုအပ်ချက်များကို အချိန်ကာလနှင့်အညီ စွမ်းရည်၊စွမ်းအားဖြင့် စွမ်းအင်တို့ကို စုစည်းပြီး သန္နိဋ္ဌာန်စိတ်ဖြင့် အကောင်အထည်ဖော်ခဲ့ကြကြောင်း။

မောင်တို့မယ်တို့၏သင်တန်းကာလလေ့လာရေးခရီးစဉ်တွင် လေ့လာခဲ့သည့် ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုအပိုင်းများကို ကြည့်မည်ဆိုလျှင် ပကတိလိုအပ်ချက်များကို ဆောင်ရွက်ခဲ့ခြင်း၊ ပြည်တွင်း၌ရှိသည့် စွမ်းရည်၊စွမ်းအားနှင့် စွမ်းအင်တို့ကို စုစည်းဆောင်ရွက်ခြင်းတို့ကို တွေ့ရှိရမည် ဖြစ်ကြောင်း။

ယင်းကဲ့သို့ တစ်စိတ်တစ်ပိုင်း လေ့လာနိုင်ခွင့်ရရှိခဲ့သည့် တည်ဆောက်မှုကို ကြည့်လျှင်ပင် ယခင်အခြေအနေထက် သိသိသာသာ ပြောင်းလဲခဲ့သည်ကို သတိပြုမိကြမည်ဟု ယူဆကြောင်း။ ***စာမျက်နှာ ၆ ကော်လံ ၁ သို့***

ခုတင်(၂၀၀)ဆံ့ မြိတ်မြို့ပြည်သူ့ဆေးရုံ

တနင်္သာရီတိုင်း မြိတ်မြို့တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးတွင် ဒေသခံ တိုင်းရင်းသား ပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

31-7 (04).p65 1 03/24/1905, 9:09 PM

အီရတ်ကို ဆင်နွှဲခဲ့သောစစ်ပွဲ တရားဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ ကုလနိုင်ငံတကာဆိုင်ရာ တရားရုံးအမြင်ကိုယူရန် ဗြိတိသျှပါလီမန်အမတ်များ တောင်းဆို

လန်ဒန် ဇူလိုင် ၂၇

အီရတ်စစ်ပွဲသည် တရားဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ နိုင်ငံတကာဆိုင်ရာ တရားရုံး၏ ထင်မြင်ချက်သဘောထားကိုရယူရန် အတွင်းရေးမှူးချုပ် ကိုဖီအာနန်အား ဗြိတိသျှပါလီမန်အမတ်လေးဆယ်က တောင်းဆိုထားကြောင်း ဒေးလီးမစ်ရာ သတင်းစာက တနင်္လာနေ့၌ ရေးသားလိုက်သည်။

ယုံကြည်

ယင်းသတင်းစာက ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ အစိုးရသည် အမေရိကန်ဦးဆောင်ပြီး အီရတ်ကိုကျူးကျော်တိုက်ခိုက်သည့် စစ်ပွဲတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းကို ချိုးဖောက်ခဲ့ကြောင်းဖြင့် အာနန်ထံ ဇူလိုင် ၂၀ရက်နေ့စွဲဖြင့် စာပေးပို့ခဲ့သည်။

ရှင်းလင်းရန်လို

အီရတ်ကိုဆင်နွှဲသည့်စစ်ပွဲသည် တရားဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိဆိုသော ကိစ္စကို လူအများအပြားက စိတ်ဝင်စားလျက်ရှိကြောင်း၊ ထိုကိစ္စ ရှင်းရှင်းလင်းလင်းဖြစ်ရန်လိုကြောင်း ဘလဲ၏ လေဘာပါတီမှ ပါလီမန်အမတ်ဖြစ်သူ အယ်လန်ဆင်မ်ဆွန်က ပြောကြားသည်။

သံသယဖြစ်

ဗြိတိသျှပြည်သူလူထုသည် အီရတ်အား ကျူးကျော်တိုက်ခိုက်ခဲ့သည့် နောက်ကွယ်မှ အကြောင်းရင်းနှင့်ပတ်သက်၍ သံသယဖြစ်ခဲ့ကြသည်။ ယခုလ အစောပိုင်း၌ ထုတ်ပြန်ခဲ့သော ဘတ္တလာအစီရင်ခံစာက ဘလဲအား ဝေဖန်ပြစ်တင်သူများကို ဘလဲ၏ယုံကြည်ထိုက်မှုအပေါ် မေးခွန်းထုတ်ရန် ဖြစ်စေခဲ့သည်။ ဘတ္တလာ၏ အစီရင်ခံစာက အီရတ်ဆိုင်ရာ ထောက်လှမ်းရေး သတင်း အကဲဖြတ်ချက်များအား ဘလဲဖျက်ဆီးခဲ့သည်ဆိုခြင်းကို ရှင်းလင်းသွားစေခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဘာကူဘာမြို့ အမေရိကန်စစ်အခြေစိုက်စခန်းအနီး ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇူလိုင် ၂၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံအတွင်း တိုက်ခိုက်မှုများ အီရတ်ပြောက်ကျားများ ဆက်လက်လုပ်ဆောင်မည်

ဘဂ္ဂဒက် ဇူလိုင် ၂၈

အမေရိကန်တို့ထံမှ ပြီးခဲ့သော ဇွန်လ၂၈ရက်၌ အုပ်ချုပ်ရေးလွှဲပြောင်း ရယူခဲ့သည်မှာ တစ်လကြာရှိပြီဖြစ်သော်လည်း အီရတ်နိုင်ငံအတွင်း တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီရတ်လက်နက်ကိုင်များက ပြောကြားခဲ့သည်။

ရှာဖွေ

အီရတ်ကြားဖြတ်အစိုးရက ဘဂ္ဂဒက်မြို့နှင့် အခြားနေရာများတွင် လက်နက်ကိုင်များကို ဖိဖိစီးစီး ရှာဖွေမှုများ ပြုလုပ်နေလျက်ရှိသည်။

ရင်ဆိုင်

အီရတ် အမျိုးသား အစောင့်တပ်ဖွဲ့ဝင်တစ်သောင်းလေးထောင်ခန့်ကို အမေရိကန်တပ်ဖွဲ့များ လေ့ကျင့်ပေးလျက်ရှိသော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်တို့က ဆန့်ကျင် တိုက်ခိုက်မှုများ မကြာခဏပြုလုပ်လျက်ရှိသည်။ အီရတ် ကြားဖြတ်အစိုးရသည် လုံခြုံရေး အခက်အခဲများကို ရင်ဆိုင်နေရဆဲဖြစ်သည်။ **(အင်အိပ်ချ်ကေ)**

စီးနင်းရှာဖွေ

ဘာကူဘာမြို့တွင် နေအိမ်တစ်အိမ်အတွင်း စီးနင်းရှာဖွေမှုများပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင် ၂၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လုံခြုံတည်ငြိမ်မှုမရှိသော အီရတ်နိုင်ငံ၏အန္တရာယ်များ ဒီမိုကရက်သမ္မတလောင်း ဂျွန်ကယ်ရီပြောကြား

ဘော့စတွန် ဇူလိုင် ၂၈

အမေရိကန် သမ္မတလောင်း ဂျွန်ကယ်ရီ၏ ဒီမိုကရက်များက အိမ်ဖြူပြန်ရရေး ကြိုးပမ်းရာတွင် ပေါင်းစည်းညီညွတ်မှုရရန် အစွမ်းကုန်လုပ်ဆောင်လျက်ရှိသော်လည်း အီရတ်ပြဿနာသည် လိမ်ညာလှည့်စားမှုနှင့် စိတ်ဝမ်းကွဲစရာပြဿနာအဖြစ် ရှိနေဆဲဖြစ်ကြောင်း သက်သေထူလျက်ရှိသည်။

ထိန်းသိမ်းပေး

အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်ကာ ၁၅လကြာမျှ သိမ်းပိုက်ထားမှုသည် ကယ်ရီအတွက် လွယ်ကူချောမွေ့သော ပြဿနာတစ်ရပ် မဖြစ်ခဲ့ပေ။ ယခုအခါ ကယ်ရီသည် သူ၏ပါတီတွင်း၌ အများစုအယူအဆနှင့် ဖီလာဆန့်ကျင်သည့် အယူအဆကို ကိုယ်တိုင်ကြိုးပမ်း ထိန်းသိမ်းပေးနေရကြောင်း တွေ့လာရသည်။

လက်ဝဲအုပ်စုဒီမိုကရက်များက အီရတ်နိုင်ငံ မတည်ငြိမ်မချင်း အမေရိကန်တပ်ဖွဲ့များ အီရတ်၌ ဆက်ရှိနေရန် ဂျွန်ကယ်ရီ၏ တိုက်တွန်းချက်ကို ကျယ်ကျယ်လောင်လောင်ဖြင့် မကျေမနပ် ပြောလာခဲ့ကြသည်ကို ဂျွန်ကယ်ရီ ကြုံလာနေရသည်။ လုံခြုံတည်ငြိမ်မှုမရှိသော အီရတ်နိုင်ငံသည် အကြမ်းဖက်မှုကို နှိမ်နင်းသည့် စစ်ပွဲအတွက် အန္တရာယ်ရှိရုံသာမကဘဲ အရှေ့အလယ်ပိုင်း အာရပ်နိုင်ငံများနှင့် ဥရောပကို အန္တရာယ်ပြုလာလိမ့်မည်ဟု ကယ်ရီက လွှန်ခဲ့သည့်အပတ်၌ ပြောကြားခဲ့သည်။ (အင်တာနက်)

အီရတ်၌ ဓားစာခံငါးဦးအား ထပ်မံဖမ်းဆီးထား ဂျော်ဒန်လုပ်ငန်းရှင်အား လုပ်ငန်းများရပ်ဆိုင်းရန် ခုခံတိုက်ခိုက်ရေးသမားများ တောင်းဆို

ဘဂ္ဂဒက် ဇူလိုင် ၂၇

အီရတ်နိုင်ငံ၌ လက်နက်ကိုင်များ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့သော အီရတ်နိုင်ငံဆိုင်ရာ အီဂျစ်သံတမန်သည် ပြန်လည်လွတ်မြောက်ခဲ့ပြီဖြစ်သော်လည်း နောက်ထပ် ဓားစာခံငါးဦးကို ထပ်မံ ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရှိရသည်။

ဖမ်းဆီး

ဤအတောအတွင်း အီရတ်နိုင်ငံရှိ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ပါကစ္စတန်လူမျိုးနှစ်ဦးနှင့် အီရတ်လူမျိုးတစ်ဦးတို့ကို ထပ်မံပြန်ပေးဆွဲ ဖမ်းဆီးခဲ့သည်။

ခြိမ်းခြောက်

အီရတ်နိုင်ငံသို့ ပါကစ္စတန် တပ်ဖွဲ့ဝင်များ စေလွှတ်ပါက ၎င်းကားမောင်း သမားများအား သတ်ပစ်မည်ဟု လက်နက်ကိုင်အဖွဲ့မှ ခြိမ်းခြောက်ပြောကြားထားသည်။

ထို့ပြင် ဂျော်ဒန်ထရပ်ကား ယာဉ်မောင်းသမားတစ်ဦးမှာလည်း အခြား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ သီးခြားဖမ်းဆီးခြင်းကို ခံထားရပြီး ဂျော်ဒန်လုပ်ငန်းရှင်အား အီရတ်မှ စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းရန် ခြိမ်းခြောက်တောင်းဆိုထားကြောင်း သိရှိရသည်။

တိုးမြှင့်

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ဖမ်းဆီးခြင်းခံခဲ့ရသော ထရပ်ကားယာဉ်မောင်းသူခုနစ်ဦးတို့ ပြန်လည်လွတ်မြောက်နိုင်ဖို့အတွက် ကူဝိတ်လုပ်ငန်းရှင်ဖြစ်သူက ဆောင်ရွက်လျက်ရှိပြီး ပြန်ပေးသမားများကလည်း ၎င်းတို့၏ နောက်ဆုံးသတ်မှတ်ချိန်ကို တိုးမြှင့်ထားကြောင်း သိရသည်။

အီရတ်တွင် ဓားစာခံများဖမ်းဆီးသည့် ဖြစ်ရပ်များ မကြာခဏ ပေါ်ပေါက်နေလျက်ရှိသည်။

(စီအင်န်အင်န်)

မိုဘိုင်းလ်ဖုန်းဖြင့် သတင်းဝန်ဆောင်မှုလုပ်ငန်း တရုတ်၌စတင်

ပေကျင်း ဇူလိုင် ၂၇

တရုတ်နိုင်ငံတွင် သတင်းစာပါ အကြောင်းအရာကို မိုဘိုင်းလ်ဖုန်းဖြင့်သတင်းဝန်ဆောင်မှုပေးသော လုပ်ငန်းသစ်ကို စတင်ဆောင်ရွက်လျက်ရှိသည်။

လူထုဆက်သွယ်ရေးစုံ သတင်းဝန်ဆောင်မှု(အမ်အမ်အက်စ်) အသုံးပြုသူများထံသို့ ပေကျင်းအခြေစိုက်ချိုင်းနား ဝီးမင်းနယူးစ်က ဇူလိုင်၁၈ရက်၌ မိုဘိုင်းလ်ဖုန်းဖြင့် သတင်းဝန်ဆောင်မှုပေးခြင်းကို စတင်ခဲ့သည်။ အဆိုပါ မိုဘိုင်းလ်ဖုန်းဖြင့် သတင်းဝန်ဆောင်မှုပေးသောလုပ်ငန်းသစ်ကို လစဉ် ကြေးပေးပြီး အသုံးပြုသူများသည် သတင်းစာပါနောက်ဆုံးဖြစ်ရပ်ဓာတ်လမ်းများ၏ ခေါင်းစဉ်များနှင့် သတင်းများကို သိရှိကြမည့်အပြင် သတင်းဓာတ်ပုံ ခြောက်ပုံမှ ရှစ်ပုံအထိကိုလည်း သိကြရမည် ဖြစ်သည်။ နောက်ထပ် သတင်းစာများကိုလည်း မိုဘိုင်းလ်ဖုန်းမှ တစ်ဆင့် အသုံးပြုလာကြလိမ့်မည်ဟု ချိုင်းနားဝီးမင်းနယူးစ် မိုဘိုင်းလ်ဝန်ဆောင်လုပ်ငန်း၏ နည်းပညာတွဲဖက် ပေကျင်း အီးဟော်အီနည်းပညာကွန်ရက်ကုမ္ပဏီလီမိတက် ပြောကြားချက်အရ သိရသည်။

အလုပ်သမားနေ့စဉ် သတင်းစာနှင့် တရုတ်လူငယ် နေ့စဉ်သတင်းစာ အပါအဝင် အခြားသတင်းစာသုံးလေး စောင်နှင့် မိုဘိုင်းလ် သတင်းစာဝန်ဆောင်လုပ်ငန်းစာချုပ်များ မိမိတို့ချုပ်ဆိုထားကြောင်း၊ ဩဂုတ်လ၌စမည်ဖြစ်ကြောင်း နောက်ထပ်၍လည်းမိမိတို့ကိုကမ်းလှမ်းထားမှုများရှိကြောင်း အီးဟော်အီ ဥက္ကဋ္ဌက ပြောကြားသည်။ **အင်တာနက်၊ဆင်ဟွာ**

စာမျက်နှာ ၄ မှ

ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးသည် အလွန်လက်တွေ့ကျကြောင်းကို အထက်တွင်ပြောခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် အတိတ်သမိုင်း၏ အတွေ့အကြုံကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို စတင်တည်ဆောက်ကြရကြောင်း။

မောင်တို့မယ်တို့ သင်တန်းတွင် လေ့လာစဉ်က နိုင်ငံတော်အစိုးရသည် အမျိုးသားစည်းလုံးညီညွတ်ရေး၏ ပထမဆုံးခြေလှမ်းဖြစ်သော လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို စတင်ခဲ့ကြောင်းကို မှတ်သားမိကြမည်ဖြစ်ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်အေးချမ်းတည်ငြိမ်ရေးသည် ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့်ပြောင်းလဲ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ခေတ်နောက်ကျမှု အကြွေးကို ပေးဆပ်နေရခြင်းနှင့် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံနေရခြင်းတို့ကြောင့် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနိုင်စွမ်းရှိရန် လိုအပ်ကြောင်း။

အထက်တွင် ပြောခဲ့သကဲ့သို့ စွမ်းရည် စွမ်းအားနှင့် စွမ်းအင်များ လိုအပ်ကြောင်း၊ တစ်ချိန်တည်းတွင် ဤခေတ်၏ တစ်ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု ဖြစ်စဉ်များကို ရင်ဆိုင်ကျော်လွှားပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေးကိုလည်း ကြိုးပမ်းအားထုတ်နေရသည့်အချိန်လည်းဖြစ်ကြောင်း။

မောင်တို့မယ်တို့သည် သင်တန်းကာလအတွင်းတွင် လက်တွေ့လေ့လာခဲ့ကြသည့် တည်ဆောက်ရေးလုပ်ငန်းများထဲ၌ ဆည်မြောင်းတာတမံလုပ်ငန်းများအပါအဝင် ရေသွင်းစိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းများကို မြင်တွေ့သိရှိခဲ့ကြပြီးဖြစ်ကြောင်း။

စိုက်ပျိုးရေးပုံစံပြောင်းလဲ

ယခု နိုင်ငံတော်အစိုးရ လက်ထက် တည်ဆောက်ပြီးဖြစ်သည့် ဆည်မြောင်းတာတမံပေါင်း ၁၆၂ခုနှင့် တည်ဆောက်ဆဲ ၂၈ခုရှိပြီး မြစ်ရေတင် စီမံကိန်းပေါင်း ၂၆၅ခုနှင့် စိုက်ပျိုးရေ ပေးနေဆဲအပြင် တည်ဆောက်ဆဲစီမံကိန်း ၃၀တို့သည် ပစ္စုပ္ပန်ကာလတွင်ရော အနာဂတ်ကာလတွင်ပါ အကျိုးရလဒ်ကောင်းများကို ဖန်တီးနေမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းများကြောင့် လယ်ယာမြေဧကသန်းနှင့်ချီပြီး စိုက်ပျိုးရေးပုံစံကိုပြောင်းလဲသွားစေကြောင်း၊ နှစ်သီးသုံးသီးစိုက်ပျိုးနိုင်မှု အခွင့်အလမ်းများ ရရှိသွားစေကြောင်း။

ယင်းမှတစ်ဆင့် တိုးတက်ထွက်ရှိသည့် သီးနှံရိတ်သိမ်းရေး၊ သိုလှောင်ရေး၊ သယ်ပို့ရေး၊ ကြိတ်ခွဲရေး၊ ဖြန့်ဖြူးရေးဖြစ်စဉ်များ ကျယ်ဝန်းလာပြီး အလုပ်အကိုင်သစ်နှင့် ပြည်သူတို့၏ စီးပွားရေးဘဝကို ထိရောက်စွာမြှင့်တင်နိုင်သည့် ရလဒ်ကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတည်ဆောက်မှုတိုင်းသည် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး အကျိုးသက်ရောက်မှုရလဒ်ကောင်းများကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ လေ့လာရေးခရီးစဉ်အတွင်း လမ်းပန်းဆက်သွယ်ရေးအဓိကဖြစ်သည့် မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို လေ့လာခွင့်ရခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ပင်မလိုအပ်ချက်ဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၊ ပြည်ထောင်စုအတွင်း ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဖြင့် တည်ဆောက်ဖောက်လုပ်ခဲ့သော မော်တော်ကားလမ်း၊ ရထားလမ်းများသည် တစ်နိုင်ငံလုံးတွင်ကွန်ရက်သဖွယ် ဖြန့်ကြက်ဖြစ်ပေါ်လာခဲ့ကြောင်း။

နိုင်ငံ၏စွမ်းအားစုအဖြစ် ပေါ်ထွန်းလာခဲ့ပြီး နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝအတွက်သာမက ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကိုပါ ထိရောက်စွာ အကျိုးပြုလာကြောင်း။

ရလဒ်ကောင်းများဖြစ်ပေါ်

ယင်းပြည်ထောင်စုလမ်းမကြီးများ၏ ဝန်ဆောင်မှုကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးကဏ္ဍကိုသာမက တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးရေးကိုပါ အကျိုးသက်ရောက်စေသော ရလဒ်ကောင်းများ ဖြစ်ပေါ်စေကြောင်း။

စီးပွားရေးကဏ္ဍသာမက လူမှုရေးကဏ္ဍ၌လည်း နိုင်ငံတော်သည် လက်တွေ့ကျကျ တည်ဆောက်ခဲ့သည်ကို မောင်တို့မယ်တို့ သင်တန်းကာလတွင် လေ့လာခဲ့ကြပြီးဖြစ်ကြောင်း။

ညီမျှစွာဖြစ်ထွန်းလာရေး

ပညာရေးကဏ္ဍကို လေ့လာမည်ဆိုလျှင် မြန်မာ့ပညာရေးသည် တောင်ပေါ်မြေပြန့်မကျန် ပညာသင်ကြားမှု အခွင့်အလမ်း ပွင့်လန်းနေသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍတွင် ကျောင်းနေအရွယ် ကလေးတိုင်းမူလတန်းပညာ သင်ကြားနိုင်ခွင့်၊ ထိုမှတစ်ဆင့် အလယ်တန်း၊ အထက်တန်းပညာအထိ သင်ကြားနိုင်ခွင့်များကို ညီမျှစွာဖြစ်ထွန်းလာအောင် ဆောင်ရွက်ခဲ့ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇)သင်တန်းမှ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တစ်နိုင်ငံလုံးတွင် အခြေခံပညာကျောင်းပေါင်း လေးသောင်း ငါးရာကျော်ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် နေရာဒေသတိုင်း မျှတသောပညာသင်ယူနိုင်မှု အခွင့်အလမ်း ရရှိစေကြောင်း။

အရှိန်အဟုန်မြှင့်ဖော်ဆောင်

အခြေခံပညာကဏ္ဍသာမက အဆင့်မြင့်ပညာကဏ္ဍကိုလည်း ဖွံ့ဖြိုးရေးဒေသကြီးများအတွင်း ဖြန့်ကြက်ဖွင့်လှစ်ပေးနိုင်မှုကြောင့် ဝိဇ္ဇာ/သိပ္ပံပညာ၊ နည်းပညာ၊ ဆေးပညာအသီးသီးကို ကျယ်ဝန်းနက်ရှိုင်းစွာ သင်ယူနိုင်မှုအခွင့်အလမ်းရရှိစေကြောင်း၊ ယခုအခါ နိုင်ငံတော်တစ်ဝန်းလုံးတွင် တက္ကသိုလ်နှင့်ကောလိပ်ပေါင်း ၁၅၆ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

လူမှုရေးကဏ္ဍတွင် ပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှုသည် အဓိကကျသော လုပ်ငန်းစဉ်ဖြစ်သည်နှင့်အညီ နိုင်ငံတစ်ဝန်းလုံး ဆေးဝါးကုသမှုနှင့် ကာကွယ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ခဲ့ကြောင်း။

ခေတ်မီကိရိယာတပ်ဆင်

ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုတွင် ဆေးရုံကြီးများကို ခုတင်(၂၀၀)ဆံ့အထူးကုဆေးရုံကြီး စံကိုက်ဖွဲ့စည်းပုံဖြင့် ဖွင့်လှစ်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ဆေးရုံကြီးအားလုံးကို ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံများအဖြစ် တိုးမြှင့်ပေးပြီး အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများအပြင် အထူးကုရာတွင် လိုအပ်မည့် ခေတ်မီစက်ကိရိယာများကို ဖြည့်တင်းတပ်ဆင်ပေးလျက်ရှိကြောင်း။

မြို့နယ်အသီးသီးရှိ ဆေးရုံများကိုလည်း အဆင့်မြှင့်တင်လျက်ရှိကြောင်း၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးတိုင်းတွင် အထူးကုဘာသာရပ် ၁၂ မျိုးအတွက် အထူးကုဆရာဝန်ကြီးများကို ခန့်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပန်းဆေးတံတား

မန္တလေးတိုင်း တံတားဦးမြို့နယ် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းပေါ်တွင် တည်ရှိသော အရှည်ပေ ၂၀၀ ရှိ ပန်းဆေးတံတားကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဖွံ့ဖြိုး စည်ပင် နယ်စပ် တစ်ခွင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် တန့်ယန်း-မိုင်းကောင်-မိုင်းရှူးကားလမ်း အပိုင်းကိုစက်ယန္တရားကြီးများဖြင့် ဤသို့ တိုးချဲ့ဖောက်လုပ်ခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ဒေသခံတိုင်းရင်းသား ပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် တည်ဆောက်ပေးထားသော ပေ ၄၄၀ ကျော်ရှိ မူလာရှီးဒီကြိုးတံတားကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

နွေစပါး ရိတ်သိမ်း

ကယားပြည်နယ် ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာစိုက်ကွင်းတွင်ကျင်းပသော ရွှေရင်အေး နွေစပါး ကောက်ရိတ်သိမ်းပွဲ၌ ပဒေါင်တိုင်းရင်းသူများကလည်း ဤသို့ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

မိုင်းကိုင် အထက်တန်းကျောင်း ကျောင်းဆောင်သစ်

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့တွင် ဒေသခံကျောင်းသားကျောင်းသူများ ပညာသင်ကြားနိုင်ရန်အတွက် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

31-7 (07).p65 1 03/24/1905, 9:09 PM

အမျိုးသားညီလာခံကျင်းပခြင်းမှ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် နိုင်ငံတော်၏အ
နိုင်ငံတော်နှင့်ပြည်သူပြည်သားတို့အတွက် ငြိမ်းချမ်းသည့်အကျိုးစီးပွား၊ စည်းလုံးညီညွတ်သည့်အကျိုး
မိမိတို့နိုင်ငံသည် မိမိတို့ဘဝ၊ မြန်မာ့လူ့အဖွဲ့အစည်းသည် မိမိတို့ဘဝအဖြစ်ခံယူပြီး အေးချမ်း



စာမျက်နှာ ၆ မှ

ဆက်လက်ပြီး နောက်ဆုံးဖွင့်လှစ်သည့် ဆေးရုံကြီး နှစ်ရုံတွင် ဖွဲ့စည်းပုံအသစ်ဖြင့် အထူးကုဘာသာရပ် ၁၇မျိုးထိ ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး အလားတူဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုတွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများဖွင့်လှစ်ထားပြီး နိုင်ငံအတွင်း၌ ဘာသာရပ်အလိုက် အထူးကုဆေးရုံကြီး ၁၉ ရုံ အထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ဆေးပညာသင်ကြားမှုမြှင့်တင်

ဆေးရုံကြီးများ တိုးချဲ့တည်ဆောက်ခြင်းနှင့် လိုက်လျောညီထွေရှိအောင် ဆေးပညာသင်ကြားမှုကိုလည်း ကျယ်ဝန်းစွာ တိုးချဲ့မြှင့်တင်လျက်ရှိကြောင်း။

နိုင်ငံတော်သည် ကျယ်ဝန်းများပြားလှသော ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် တည်ဆောက်နေခြင်းသည် အထက်တွင်ပြောခဲ့သကဲ့သို့ ခေတ်မီနိုင်ငံတော်သစ် ဖြစ်ပေါ်ရေးအတွက်ဖြစ်ကြောင်း။

ဤနေရာ၌ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုအပိုင်းတွင် ပြည်သူတို့၏ အခန်းကဏ္ဍကို ထည့်သွင်းပြောကြားလိုကြောင်း။

ပြည်သူများ တောင့်တခဲ့ကြသည့် လူနေမှုဘဝ မြင့်မားလာရေးအတွက် သန္နိဋ္ဌာန်စိတ်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် ထူးခြားသောအချက်က ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း။

ဆည်မြောင်းတာတမံ စီမံကိန်းကြီးများ၊ လျှပ်စစ်စွမ်းအား တည်ဆောက်ရေးစီမံကိန်းများ၊ မြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းကြီးများကို ဝိသေသပြုပြီး လေ့လာမည်ဆိုလျှင် နိုင်ငံအတွင်းရှိ ပညာရှင်များသည် မိမိတို့၏ အသိပညာ၊ နည်းပညာ စွမ်းပကားဖြင့် ကျားကုတ်ကျားခဲ ပါဝင်တည်ဆောက်ကြသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။

အလားတူ ပညာရေးကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်း အကောင်အထည်ဖော်ရာတွင် ကျေးလက်ပြည်သူများ အပါအဝင် နိုင်ငံသားသန်းပေါင်းများစွာသည် ကျရာကဏ္ဍက ပါဝင်ကူညီ ပူးပေါင်းဆောင်ရွက်နေသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။

သင်ကြားမှုကို ထိရောက်စေသည့် မာလ်တီမီဒီယာစာသင်ခန်းများဖြစ်ပေါ်ရေး၊ ကျောင်းများဥပဓိရုပ်ကောင်းမွန်ရေးအပိုင်းများတွင်လည်း လူအား၊ ရန်ပုံငွေအင်အားတို့ဖြင့် စေတနာအလျောက် ပူးပေါင်းဆောင်ရွက်နေကြကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သြဝါဒစကားကောက်နုတ်ချက်

- ✮ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ခေတ်နောက်ကျမှုအကြွေးကို ပေးဆပ်နေရခြင်းနှင့် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံနေရခြင်းတို့ကြောင့် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနိုင်စွမ်းရှိရန်လိုအပ်၊
- ✮ တစ်ချိန်တည်းတွင် ဤခေတ်၏ တစ်ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု ဖြစ်စဉ်များကို ရင်ဆိုင်ကျော်လွှားပြီး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေးကိုလည်း ကြိုးပမ်းအားထုတ်နေရသည့်အချိန်ဖြစ်၊
- ✮ တစ်နိုင်ငံလုံးတွင် အခြေခံပညာကျောင်းပေါင်း လေးသောင်းငါးရာကျော်၊ တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၁၅၆ခု ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် နေရာဒေသတိုင်း မျှတသောပညာသင်ယူနိုင်မှု အခွင့်အလမ်းရရှိ၊
- ✮ ပညာရေးကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း အကောင်အထည်ဖော်ရာတွင် ကျေးလက်ပြည်သူများအပါအဝင် နိုင်ငံသားသန်းပေါင်းများစွာ ကျရာကဏ္ဍက ပါဝင်ကူညီပူးပေါင်းဆောင်ရွက်နေ၊
- ✮ ကျန်းမာရေးကဏ္ဍတွင် ရောဂါနှိမ်နင်းရေးနှင့် ပြည်သူ့ကျန်းမာရေးစီမံချက်များတွင် ပြည်သူများ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြ၊
- ✮ ကျေးလက် သောက်သုံးရေရရှိရေးအပါအဝင် လုပ်ငန်းစဉ်ငါးရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိ၊ ကျေးလက်သောက်သုံးရေရရှိရေးကဏ္ဍ၊ ကျေးလက်ပညာရေးကဏ္ဍ၊ ကျေးလက်ကျန်းမာရေးကဏ္ဍ စသည့် အခြေခံလိုအပ်ချက်များတွင် ပြည်သူများက ရန်ပုံငွေအင်အား၊ လူအင်အားတို့ဖြင့် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းအကောင်အထည်ဖော်လျက်ရှိ။

အမျိုးသားအကျိုးစီးပွား အကျိုးဆောင်

အမျိုးသားပညာရည်မြင့်မားရေးတွင် အခြေခံကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များတိုးချဲ့ခြင်း၊ ဘာသာရပ်များ တိုးချဲ့ခြင်း၊ ပညာသင် ကျောင်းသူကျောင်းသားအင်အား အဆမတန် တိုးတက်လာခြင်းတို့ကြောင့် အသက်အရွယ်ကြီးရင့်ကြပြီဖြစ်သော အငြိမ်းစားပညာရှင်ကြီးများသည်ပင်လျှင် သင်ကြားမှုလုပ်ငန်း၊ သုတေသနလုပ်ငန်းများတွင် ကျရာကဏ္ဍက ပါဝင်ပြီး အမျိုးသားအကျိုးစီးပွားအတွက် အကျိုးဆောင်နေကြဆဲဖြစ်သည်ကို မြင်တွေ့ကြရမှာဖြစ်ကြောင်း။

အလားတူ ကျန်းမာရေးကဏ္ဍတွင် ရောဂါနှိမ်နင်းရေးနှင့် ပြည်သူ့ကျန်းမာရေးစီမံချက်များတွင် ပြည်သူများ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။

ပြည်သူများပူးပေါင်းဆောင်ရွက်

ရောဂါကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်ပြီး ကူးစက်ရောဂါတိုက်ဖျက်ရေး၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး၊ တီဘီရောဂါ တိုက်ဖျက်ရေး စသည့် စီမံချက် ၁၂ခုတွင် ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြကြောင်း။

ပြည်သူ့ကျန်းမာရေးနှင့်ပတ်သက်ပြီး အာဟာရဖွံ့ဖြိုးရေးစီမံချက်၊ မိခင်ကလေးကျန်းမာရေးစီမံချက်၊ ကျောင်းကျန်းမာရေးစီမံချက်စသည့် စီမံချက် ၁၀ခုတွင်လည်း ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြကြောင်း။

ဆက်လက်ပြောကြားလိုသည်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ပြည်သူများပူးပေါင်းဆောင်ရွက်မှု အခြေအနေဖြစ်ကြောင်း၊ မောင်တို့မယ်တို့ သိကြသည့်အတိုင်း ကျေးလက်ဒေသသည် နိုင်ငံသား ပြည်သူအများစု နေထိုင်ကြရာ ဒေသဖြစ်ကြောင်း။

အင်တိုက်အားတိုက်ဆောင်ရွက်

ကျေးလက် သောက်သုံးရေရရှိရေး အပါအဝင် လုပ်ငန်းစဉ်ငါးရပ် ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ကျေးလက်သောက်သုံးရေရရှိရေးကဏ္ဍ၊ ကျေးလက်ပညာရေးကဏ္ဍ၊ ကျေးလက်ကျန်းမာရေးကဏ္ဍ စသည့် အခြေခံလိုအပ်ချက်များတွင် ပြည်သူများသည် ရန်ပုံငွေအင်အား၊ လူအင်အားတို့ဖြင့် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းအကောင်အထည်ဖော်လျက်ရှိကြကြောင်း၊ ကျေးလက်နေ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ပြည်သူများသည် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နေကြသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။

အကျိုးပြုလုပ်ငန်းမှန်သမျှတွင် ပြည်သူများသည် တာဝန်ကျေပွန်စွာလက်တွဲပါဝင်လျက်ရှိကြောင်း၊ ပြည်သူများနှင့်အတူ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးနှင့် လူမှုရေးအသင်းအဖွဲ့များသည်လည်း အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူလူထုကြီးက နိုင်ငံတော်တည်ဆောက်ရေး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေကြခြင်းသည် နိုင်ငံတော်အတွက် အလားအလာကောင်းများဖြစ်ကြောင်း။

်နှင့် နိုင်ငံတော်၏အနာဂတ်အရေးမြှင့်တင်ပေးခြင်းကို ပြီးမြောက်အောင်မြင်အောင်ပူးပေါင်းဖော်ဆောင် သီညွတ်သည့်အကျိုးစီးပွား၊ ဖွံ့ဖြိုးတိုးတက်သည့်အကျိုးစီးပွားများကို အားကြိုးမာန်တက်ဆောင်ရွက် ခံယူပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကို တည်ဆောက်ကြ

အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ သင်တန်းသား သင်တန်းသူများ နှင့်အတူ အမှတ်တရ မှတ်တမ်း တင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

တရားဥပဒေစိုးမိုးရန်လို

နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပေါ်၌ ချီတက်နေသည်မှာ အတော်အတန်အရှိန်ရနေပြီဖြစ်သည့်အပြင် ရှေ့ကိုဆက်လက်တိုးတက်နေမည့် အလားအလာကောင်းများကိုလည်း တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ စုပေါင်းညီညွတ်သည့်အားဖြင့်လုပ်လျှင် ပိုပြီးတိုးတက်လာစရာရှိကြောင်း၊ ယင်းကဲ့သို့ တိုးတက်နိုင်အောင် တည်ငြိမ်ဖို့၊ အေးချမ်းသာယာဖို့၊ တရားဥပဒေစိုးမိုးဖို့ လိုအပ်ကြောင်း၊ ကျဉ်းမြောင်းသည့်အမြင်မျိုး မထားရှိဖို့ ပိုပြီးလိုအပ်ကြောင်း။

ဝိုင်းဝန်းကာကွယ်ထိန်းသိမ်း

တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်စီးအောင်လုပ်ကြမည်ဆိုလျှင် ကြိုးစားထားခဲ့ရသမျှ ဖွံ့ဖြိုးမှုများဆုတ်ယုတ်ပြီး ရှေ့အလားအလာကို ထိခိုက်စေမည်ဆိုသည်ကို သတိရှိကြရမည်ဖြစ်ကြောင်း၊ အေးချမ်းသာယာဖွံ့ဖြိုးရေးအပေါ် ဖျက်ဆီးမည့်အကြောင်းမှန်သမျှကို တားဆီးကာကွယ်ပေးကြရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးစ ကြုံတွေ့ခဲ့ရဖူးသည့် အနိဋ္ဌာရုံမျိုးများဖြစ်မလာအောင်လည်း ဝိုင်းဝန်းကာကွယ်ရမည်၊ ဟန့်တားရမည်၊ ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံ ကျင်းပခြင်းမှစတင်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် နိုင်ငံတော်၏ အနာဂတ်အရေးမြှင့်တင်ပေးနေခြင်းကို ပြီးမြောက်အောင်မြင်အောင် တက်ကြွထက်သန်စွာ ပူးပေါင်းအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူပြည်သားတို့အတွက် ငြိမ်းချမ်းသည့် အကျိုးစီးပွား၊ စည်းလုံးညီညွတ်သည့် အကျိုးစီးပွား၊ ဖွံ့ဖြိုးတိုးတက်သည့် အကျိုးစီးပွားများကို အားကြိုးမာန်တက် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်ပြောလိုသည်မှာ နိုင်ငံတော်အကျိုးစီးပွား၊ ပြည်သူတို့၏ အကျိုးစီးပွားအတွက် လက်တွေ့ကျသော တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထု၏ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်မှုများကို ဂုဏ်ပြုရမည်ဖြစ်ကြောင်း။

မျိုးဆက်သစ် လူငယ်များဖြစ်သည့်မောင်တို့မယ်တို့သည် ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အမျိုးသားစွမ်းအားဖြစ်သည့် မျိုးဆက်သစ်လူငယ်များသည် သန္နိဋ္ဌာန်စိတ်ဖြင့် ပါဝင်ဆင်နွှဲကြရမည်ဖြစ်ကြောင်း။

သင်တန်းတွင် လေ့လာဆည်းပူးရရှိခဲ့သည့် အတွေးအမြင်များ၊ လုပ်ငန်းစဉ်များကို မိမိတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နေသော ကဏ္ဍများတွင် လက်တွေ့အသုံးချခြင်းဖြင့် ခေတ်မီနိုင်ငံတော်သစ်တည်ဆောက်ရာ၌ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သစ်ကိုတည်ဆောက်

မိမိနိုင်ငံသည် မိမိတို့၏ဘဝ၊ မြန်မာ့လူ့အဖွဲ့အစည်းသည် မိမိတို့၏ဘဝဟု ခံယူပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်သွားကြရန် မြွက်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဘုရင့်နောင်ခန်းမ၌ သင်တန်းသား သင်တန်းသူများနှင့်အတူ နံနက်စာသုံးဆောင်သည်။

ပြန်လည်ထွက်ခွာ

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့သည် သင်တန်းသား သင်တန်းသူများနှင့်အတူ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီးနောက် မှော်ဘီမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ဖြူးမဟာစည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလတရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၀

ပဲခူးတိုင်း ဖြူးမြို့ ပင်စင်လမ်း မဟာစည်သာသနာ့ရိပ်သာကြီးတွင် ပဓာနနာယက ဘဒ္ဒန္တ နရပတိ သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ ဖြူးဆရာတော်နှင့် တပည့်ဘဒ္ဒန္တ အဂ္ဂဝရ စသော ဓမ္မကထိကများက သတိပဋ္ဌာန်တရားတော်များကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ရက် (တနင်္ဂနွေနေ့)မှ သီတင်းကျွတ်လပြည့်ကျော် ၉ရက် (စနေနေ့)အထိ ဝါတွင်းသုံးလတိုင်တိုင် ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများသည် ရိပ်သာဖုန်း ၀၅၄-၄၀၀၁၂နှင့် ၀၁-၆၈၂၇၁၁ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဝါတွင်းသံဃာ့ဒါန ဆွမ်းလောင်းလှူပွဲ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၆)ရပ်ကွက် အောက် ၁၃လမ်း (ဦးဘဂျမ်းလမ်း)မိသားစုက (၃၁)ကြိမ်မြောက် ဝါတွင်းကာလ တနင်္ဂနွေနေ့ နံနက်တိုင်း သံဃာတော် အရှင်သူမြတ်များ၊ သီလရှင်ဆရာလေးများအား အရဏ်ဆွမ်း လောင်းလှူမည်ဖြစ်၍ ဆွမ်းခံကြွတော်မူကြပါရန် ပင့်ဖိတ်ထားကြောင်းသိရသည်။

(က-ပ)

အသည်းရောင်အသားဝါနှင့် ဆေးသုတေသနကုထုံးသစ်

ဒေါက်တာပိုင်စိုး
ဆေးသုတေသနဦးစီးဌာန

အသည်းရောင်အသားဝါ ဘီနှင့်စီရောဂါသည် အသည်းရောင်ရောဂါဖြစ်ကာ ပြင်းထန်စွာ အသည်းရောင်ခြင်းနှင့် အသည်းကင်ဆာအထိ ဖြစ်ပွားနိုင်သောကြောင့် ကမ္ဘာတစ်ဝန်းတွင် အရေးကြီးသော ကျန်းမာရေးပြဿနာဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ လူဦးရေ သန်း ၂၀၀၀ သည် အသည်းရောင်အသားဝါ ဘီရောဂါ၊ လူဦးရေ သန်း ၁၇၀ သည် အသည်းရောင်အသားဝါ စီရောဂါ ကူးစက်လျက်ရှိကြောင်း၊ အသည်းရောင်အသားဝါ ဘီနှင့် နာတာရှည် အသည်းရောင်အသားဝါဘီ ဝေဒနာရှင်အများစုသည် အာရှပစိဖိတ်ဒေသတွင် နေထိုင်ကြသူများဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ရာခိုင်နှုန်းသည် အသည်းရောင်အသားဝါဘီပိုးနှင့် ၃ ရာခိုင်နှုန်းသည် အသည်းရောင်အသားဝါစီပိုး သယ်ဆောင်လျက်ရှိကြောင်း သုတေသနပြုချက်များအရ သိရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက အသည်းရောင်အသားဝါရောဂါကို ဦးစားပေး ကျန်းမာရေးပြဿနာတစ်ခုအဖြစ်သတ်မှတ်ကာ အသည်းရောင်အသားဝါရောဂါ ကာကွယ်ကုသရေးကို ရှုထောင့်စုံမှ ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ကုန်ထုတ်ပစ္စည်းတိုးတက်စေရန် ရည်ရွယ်၍ သုတေသနလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားသည်။ မြန်မာနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ် အစောပိုင်းကပင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)သည် အသည်းရောင်အသားဝါ ကာကွယ်ရေးလုပ်ရှားမှုများကို တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်။ ယင်းသုတေသနလှုပ်ရှားမှုများသည် အသည်းရောင်အသားဝါ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ကာကွယ်ရေးတို့တွင်သာမက ကျန်းမာရေး၊ ဇဟုသုတပြန့်ပွားရေးနှင့် နည်းပညာလွှဲပြောင်းရာတွင်လည်း အထောက်အကူ ဖြစ်စေခဲ့သည်။ အသည်းရောင်အသားဝါရောဂါ၏ ကာကွယ်ကုသရေးလှုပ်ရှားမှုအနေဖြင့် အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးကိုလည်း မြန်မာနိုင်ငံတွင်ပင် ထုတ်လုပ်လျက်ရှိသည်။

အသည်းရောင်အသားဝါ စီရောဂါ ကာကွယ်ခြင်း

အသည်းရောင်အသားဝါ စီရောဂါသည် ကမ္ဘာတစ်ဝန်း အသည်းနှင့်ပတ်သက်သော ရောဂါဖြစ်ပွားနှုန်းနှင့် သေဆုံးမှုနှုန်းတွင် ရှေ့ဆုံးမှ ဦးဆောင်နေသော ရောဂါတစ်ခုဖြစ်သည်။ အသည်းရောင်အသားဝါ စီရောဂါ ခံစားနေကြရသူ ၈၀ ရာခိုင်နှုန်းကျော်သည် နာတာရှည် အသည်းရောဂါ ဖြစ်နေကြပြီး ၂၀ ရာခိုင်းနှုန်းသည် ခန္ဓာကိုယ်၏ခုခံအားဖြင့် အလိုအလျောက်ပျောက်ကင်းသွားနိုင်သည်။ နာတာရှည် အသည်းရောင်အသားဝါ စီရောဂါ ခံစားနေရသူအများစုသည် ရောဂါလက္ခဏာ တစ်စုံတစ်ရာမပေါ်ဘဲ ရှိနေနိုင်သော်လည်း ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းမှာ အသည်းအင်ဇိုင်းမြင့်မားကာ အသည်းရောင်အသားဝါ ဝေဒနာခံစားရပြီး ၃၀ ရာခိုင်နှုန်းမှာ ပုံမှန် အသည်းအင်ဇိုင်းပမာဏ ရှိနေနိုင်သည်။ နာတာရှည် အသည်းရောဂါခံစားနေရသူများ၏ သုံးပုံတစ်ပုံသည် တဖြည်းဖြည်း အသည်းပျက်စီးမှု ပိုမိုများပြားလာကာ နှစ် ၂၀ မှ နှစ် ၃၀ ခန့်အကြာတွင် အသည်းခြောက်ရောဂါကို ခံစားကြရမည်ဖြစ်သည်။ ၁၅ ရာခိုင်နှုန်းမှာ အသည်းကင်ဆာ ဖြစ်ပွားနိုင်သည်။ အသည်းရောင်အသားဝါ စီပိုးအတွက် ကာကွယ်ဆေးမရှိသေးသောကြောင့် အသည်းရောင်အသားဝါ စီရောဂါကို ကာကွယ်ရာတွင် လွယ်ကူမှုမရှိလှပါ။

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)သည် အသည်းရောင်အသားဝါ စီရောဂါ၏ ပြဿနာကြီးမားမှုကို မြန်မာနိုင်ငံတွင် မီးမောင်းထိုးပြ၍ ပေါ်လွင်စေခဲ့သည်။ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ ၁၉၉၈ ခုနှစ်တွင် သုတေသနပြုချက်အရ ရောဂါပိုးများ စိစစ်ခြင်းမရှိသော သွေးမှတစ်ဆင့် အသည်းရောင်အသားဝါစီရောဂါကူးစက်မှုနှုန်းသည် ၂၀ ရာခိုင်နှုန်း မြင့်မားနိုင်ကြောင်း သိရှိခဲ့ရသည်။ သို့ပါ၍ မြန်မာနိုင်ငံရှိ သွေးလှူဘဏ်များတွင် အသည်းရောင်အသားဝါစီပိုး စစ်ဆေးခြင်းသည် အရေးပါကြောင်း သိရှိလာရသည်။ ဆက်လက်၍ အသည်းရောင်အသားဝါစီ ကာကွယ်ရေး စီမံချက်အဖြစ် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ သုတေသနပညာရှင်များနှင့် ဂျပန်ဆေးပညာရှင်များပူးပေါင်းပြီး သွေးလှူဘဏ်များတွင် အသည်းရောင်အသားဝါစီပိုး စစ်ဆေးရာ၌ မူလဈေးနှုန်းထက် ငါးပုံတစ်ပုံသက်သာ၍ အဖြေတိကျသော အသည်းရောင်အသားဝါစီပိုး စစ်ဆေးသည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကို သုတေသနပြုကာ အောင်မြင်စွာ ကြိုးပမ်းထုတ်လုပ်နိုင်ခဲ့သည်။

သို့ပါ၍ ယင်းစီမံချက်ဖြင့် ၂၀၀၀ ပြည့်နှစ် မေလမှစ၍ သွေးလှူဘဏ်များရှိ သွေးလှူရှင်များအား အသည်းရောင်အသားဝါစီပိုးကို စစ်ဆေးနိုင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ် မေလမှ ၂၀၀၄ ခုနှစ် ဧပြီလအထိ အမျိုးသား သွေးလှူဘဏ်နှင့် ရန်ကုန်မြို့ရှိသွေးလှူဘဏ် ၁၀ ခုတို့၌ သွေးလှူရှင် ၁၅၄၁၆၁ ဦးကို အသည်းရောင်အသားဝါစီပိုး စစ်ဆေးခဲ့သည်။ ယင်းစစ်ဆေးချက်များအရ အသည်းရောင်အသားဝါစီပိုး ဖြစ်ပွားနှုန်းသည် ၂ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။ စီမံကိန်းကာလ လေးနှစ်အတွင်း အသည်းရောင်အသားဝါ စီပိုးရှိသော သွေးလှူရှင်များကို စိစစ်နိုင်ခဲ့၍ သွေးသွင်းခြင်းဖြင့် အသည်းရောင်အသားဝါ စီရောဂါဖြစ်ပွားနှုန်းကို ကျဆင်းစေခဲ့သည်။ အသေးစိတ် သုံးသပ်ချက်များအရ အသည်းရောင်အသားဝါစီရောဂါ ဖြစ်ပွားနှုန်းသည် ယခင် ၃ ဒသမ ၁ ရာခိုင်နှုန်းမှ ယခု ၁ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း သိရှိရသည်။ နောင်နှစ်နှစ်ခန့်ကြာပါက အသည်းရောင်အသားဝါ စီရောဂါဖြစ်ပွားနှုန်းသည် ၁ ဒသမ ၅ ရာခိုင်နှုန်းအောက် ကျဆင်းသွားနိုင်ကြောင်း ခန့်မှန်းရသည်။

ယင်းစီမံချက်နှင့်အတူ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည် အမေရိကန်နိုင်ငံ ရောဂါကာကွယ်ရေးဗဟိုဌာနမှ သုတေသနပညာရှင်များ၏အကူအညီဖြင့် အသည်းရောင်အသားဝါ စီပိုးကို စိစစ်နိုင်သော ဓာတ်ခွဲခန်းသုံး နည်းပညာတစ်ရပ်ကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပြန်သည်။ အဓိက သွေးဌာနများသို့လည်း ယင်းနည်းပညာစနစ်ကို လွှဲပြောင်းဖြန့်ဖြူးပေးရန် စီစဉ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် သွေးသွင်းကုသနှုန်းမှာ ယူနစ် ၂၀၀၀၀၀ အထိရှိခဲ့ရာ အသည်းရောင်အသားဝါ စီပိုး စိစစ်ခြင်းစီမံကိန်း၏ အကောင် အထည်ဖော် ဆောင်ရွက်မှုကြောင့် သွေးမှတစ်ဆင့် ကူးစက်နိုင်သော အသည်းရောင်အသားဝါစီပိုး ယူနစ် ၇၀၀၀ ကို နှစ်စဉ် ဖယ်ထုတ်နိုင်မည်ဖြစ်သည်။

အသည်းရောင်အသားဝါရောဂါကုသခြင်း

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည် မြန်မာနိုင်ငံ၏ အသည်းရောင်အသားဝါ စီရောဂါကာကွယ်ရေးတွင် လူအင်အားနှင့် အခြားအရင်းအမြစ် အင်အားများစွာဖြင့် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည် အသည်းရောင်အသားဝါ စီပိုးကူးစက်ခံရသူများအား ကုသရာတွင် အသုံးဝင်သည့် နည်းပညာများကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ သွေးလှူရှင်များအတွင်း အသည်းရောင်အသားဝါ စီ ဖြစ်ပွားနှုန်းမှာ ၃ ရာခိုင်နှုန်းရှိနေသဖြင့် မြန်မာနိုင်ငံလူဦးရေ သန်း ၅၀ အနက် ၁ ဒသမ ၅ သန်းမှာ ရောဂါကူးစက်ခံနေရသည်။ ထိုရောဂါခံစားနေရသူများအား ကုသရာတွင် အင်တာဖရွန်ဆေး၊ ဗိုင်းရပ်စ်ပိုးသတ်ဆေးတို့ကို တစ်မျိုးတည်းသော်လည်းကောင်း၊ တွဲဖက်၍သော်လည်းကောင်း ကုသခြင်းသည် ကုသစရိတ် အလွန်မြင့်မားသည့်အတွက် လူအများစုမှာ မတတ်နိုင်ကြပေ။ ထို့ကြောင့် ထိုလူနာများအား ကုသရန်လွယ်ကူရှင်းလင်း၍ ဈေးနှုန်းသက်သာသော ကုသနည်းလိုအပ်လျက်ရှိကြောင်း သိရှိရပေသည်။

အင်တာဖရွန်ဆေးဖြင့် ကုသခြင်းသည် အကျိုးအာနိသင်ရှိသော်လည်း ကုန်ကျစရိတ် အလွန်ပင်ကြီးမားသည်။ ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်နှုန်းဖြင့် ခြောက်လကြာအောင် ထိုးဆေးထိုးပါက ပျမ်းမျှကုန်ကျစရိတ် ကျပ်သိန်းပေါင်း ဆယ်ဂဏန်းခန့်ရှိသည်။ ထိုကုန်ကျစရိတ်တွင် ဓာတ်ခွဲစမ်းသပ်ခများ မပါရှိသေးပါ။ ထိုဓာတ်ခွဲစမ်းသပ်မှုများမှာ အခြေခံစစ်ဆေးခ ကျပ်တစ်သောင်းမှ အဆင့်မြင့် မော်လီကျူးနည်းပညာဖြင့် စစ်ဆေးခ ကျပ်တစ်သိန်းအထိ ကုန်ကျနိုင်ပြီး မကြာမကြာစစ်ဆေးရန် လိုအပ်သောစစ်ဆေးမှုများ ဖြစ်သည်။ ထို့အပြင် ကုသနေစဉ်အတွင်း ဆေး၏ ဘေးထွက်ဆိုးကျိုးများဖြစ်သော တုပ်ကွေးကဲ့သို့ လက္ခဏာများ၊ သွေးဖြူဥနှင့် သွေးဥမွှားကျဆင်းခြင်းတို့ ဖြစ်လာနိုင်သည်။ သို့အတွက် ငွေကြေးတတ်နိုင်၍ ထိုကုသမှုမျိုး ခံယူရသူများတွင်ပင် ၂၅ ရာခိုင်နှုန်းသာလျှင် ရောဂါပြန်ဖြစ်ခြင်းမရှိဘဲ ကောင်းစွာ အကျိုးထိရောက်မှုရှိနိုင်သော်လည်း ၅၀ ရာခိုင်နှုန်းမှာ ဆေးရပ်ပြီး ခြောက်လအတွင်း ရောဂါ ပြန်ဖြစ်တတ်သည်။

သည်များထက် နာတာရှည် အသည်းရောင်အသားဝါဖြစ်နိုင်ခြေ ပို၍များပြားကြောင်း တင်ပြခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ သုတေသနပညာရှင်များကလည်း သံဓာတ်လျှော့ချမှုကုထုံးတစ်မျိုးတည်းသော်လည်းကောင်း၊ အင်တာဖရွန်ဆေးဖြင့် တွဲဖက်၍သော်လည်းကောင်း ကုသခြင်း၏ အကျိုးထိရောက်မှုကို သုတေသနပြုခဲ့ကြသည်။ အင်တာဖရွန်ဆေးဖြင့် ကုသမှုမခံယူဖူးသေးသောသူများနှင့် ကုသမှုခံယူပြီး အကျိုးထိရောက်မှုမရှိသောသူများတွင် အင်တာဖရွန်ဆေးနှင့် သံဓာတ်လျှော့ချမှုကုထုံး တွဲဖက်၍ ကုသခြင်း၏အကျိုးထိရောက်မှုကို အမေရိကန်နိုင်ငံ သုတေသနဌာန နှစ်ခုမှ လေ့လာသုတေသနပြုခဲ့ကြပါသည်။ သုတေသနပညာရှင် Fontana ၏ တွေ့ရှိချက်အရ သံဓာတ်လျှော့ချခြင်းသည် အင်တာဖရွန်ဆေး၏ အကျိုးထိရောက်မှုကို အထောက်အကူဖြစ်စေကြောင်း သိရပါသည်။ သုတေသနပညာရှင် Di Bisceglie က အင်တာဖရွန်ဆေးဖြင့် အကျိုးထိရောက်မှုမရှိသော အသည်းရောင်အသားဝါ စီရောဂါခံစားရသူ ၉၆ ဦးကို သံဓာတ်လျှော့ချခြင်း ကုထုံးတစ်မျိုးတည်းသော်လည်းကောင်း၊ သံဓာတ်လျှော့ချပြီး အင်တာဖရွန်ဆေး ထပ်မံဖြည့်စွက်၍သော်လည်းကောင်း ယှဉ်တွဲ၍ လေ့လာချက်အရ အင်တာဖရွန်ဆေးနှင့် သံဓာတ်လျှော့ချခြင်းကို တွဲဖက်၍ ကုသမှုခံယူသူများတွင် အသည်းအင်ဇိုင်းပမာဏကျဆင်း၍ အသည်းပျက်စီးမှုနည်းပါးကြောင်း တွေ့ရှိရသည်။ အီတလီနိုင်ငံမှ Fargion S က အသည်းရောင်အသားဝါ စီရောဂါခံစားရသူ ၅၂ ဦးကို သုတေသနပြုရာတွင် သွေးထဲရှိ အသည်းရောင်အသားဝါစီပိုး ပမာဏထက် အသည်းရှိ သံဓာတ်ပမာဏသည် အင်တာဖရွန်ဆေး၏ အကျိုးထိရောက်မှုနှင့် ပို၍ဆက်နွှယ်နေကြောင်း သိရှိရသည်။ ထိုတွေ့ရှိချက်အရ အသည်းမှ သံဓာတ် တစ်ယူနစ်လျှော့သွားပါက ဆေး၏အကျိုးထိရောက်မှု သုံးဆတိုးတက်ခြင်းနှင့် ဆက်နွှယ်နေကြောင်း သိရှိရသည်။ USA မှ Fong TL နှင့် သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ အင်တာဖရွန်ဆေးဖြင့် မကုသမီ သံဓာတ်လျှော့ချခြင်းသည် အသည်းရောင်အသားဝါစီရောဂါ ခံစားနေရသူ ၉၀ ရာခိုင်နှုန်းကို အသည်းအင်ဇိုင်းပမာဏ ကျဆင်းစေသည်။

ဂျပန်နိုင်ငံမှ Hayashi နှင့် သုတေသနပညာရှင်များသည် အကြိမ်ကြိမ် သွေးဖောက်ထုတ်ခြင်းဖြင့် သံဓာတ်လျှော့ချခြင်းသည် အသည်းရောင်အသားဝါ စီရောဂါခံစားနေရသူများအား အသည်းအင်ဇိုင်း (ALT)ပမာဏကို ကျဆင်းစေကြောင်း တွေ့ရှိခဲ့ကြပါသည်။ အလားတူပင် အီတလီ သုတေသနများကလည်း သွေးဖောက်ထုတ်၍ သံဓာတ်လျှော့ချခြင်းသည် အသည်းရောင်အသားဝါ စီရောဂါခံစားနေရသူများ၏ အသည်းအင်ဇိုင်းမြင့်မားနေမှုကို လျော့ကျစေကြောင်း တွေ့ရှိခဲ့ကြပါသည်။ ယနေ့ နိုင်ငံတကာမှ ပညာရှင်များ၏ သုတေသနတွေ့ရှိချက်များကို လေ့လာသောအခါ နာတာရှည် အသည်းရောဂါ ဝေဒနာရှင်များအား ကုသမှုတွင် အသည်းအင်ဇိုင်းမြင့်မားနေမှုကို လျော့ကျစေသည့် ကုထုံးသည် အခြေခံကျသည့် ကုထုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် ရောဂါခံစားနေရသူ၏ သံဓာတ်ကို ငါးနှစ်ခန့်ကြာမျှ လျှော့ချခြင်းသည် အသည်းပျက်စီးမှုကိုကာကွယ်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ လမ်းညွှန်မှု၊ စီစဉ်ပေးမှုဖြင့် အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးစက်ရုံကို ရန်ကုန်တိုင်းအတွင်း တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ အဆိုပါစက်ရုံသည် သွေးရည်ကြည်မှထုတ်လုပ်သော ကာကွယ်ဆေးသာမက Recombinant DNA နည်းပညာဖြင့် ထုတ်လုပ်သော ကာကွယ်ဆေးပါ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အသည်းရောင်အသားဝါ ကာကွယ်ဆေးများကို လုံလောက်စွာဖြန့်ဖြူးနိုင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၌ ထုတ်လုပ်သော အသည်းရောင် အသားဝါဘီ ကာကွယ်ဆေးကို အမျိုးသားတိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်တွင်ထည့်သွင်းနိုင်မည်ဖြစ်၍ တစ်နိုင်ငံလုံး လွှမ်းခြုံမှုအပြည့်အဝရရှိပြီး နောင်အနာဂတ်အတွက် မကြာမီ စိတ်အေးကြရတော့မည် ဖြစ်သည်။

သို့ရာတွင် မကြာသောကာလအတွင်းက ကမ္ဘာတစ်ဝန်းရှိ ဆေးသုတေသနပညာရှင်များ ဝိုင်းဝန်းကြိုးပမ်းမှုဖြင့် **ကုထုံးသစ်ပေါ်ပေါက်လာရာ အသည်းရောင်အသားဝါ ဝေဒနာရှင်များအတွက် ရောဂါသက်သာပျောက်ကင်းနိုင်မည့် မျှော်လင့်ချက် ရောင်ခြည်သန်း**လာပြီဖြစ်သည်။ အမေရိကန် အစာအိမ်နှင့် အူလမ်းကြောင်းဗေဒဂျာနယ်မှ သုတေသနတစ်ခု၏ ရေးသားမှုအရ အသည်းရောင်အသားဝါ စီရောဂါကုသရာတွင် သံဓာတ်လျှော့ချခြင်းနှင့် အင်တာဖရွန်ဆေး တွဲဖက်၍ ကုသခြင်းသည် ၈၀ ရာခိုင်နှုန်းအထိ ရောဂါပျောက်ကင်းနိုင်ကြောင်း ဖော်ပြထားသည်။ နာတာရှည် အသည်းရောင်ဝေဒနာရှင်များတွင် သံဓာတ်များပြားခြင်းသည် ဝေဒနာရှင်အတွက် ဆိုးကျိုး ပိုမိုဖြစ်ပွားစေကြောင်း သိရှိရသည်။ သံဓာတ်သည် အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ပိုး ပွားများနှုန်း (Viral replication)ကို အားပေးခြင်း၊ ဗိုင်းရပ်စ်ပိုး၏ မျိုးရိုးဗီဇပြောင်းလဲစေနှုန်း(Viral mutation)ကို ပိုမိုစေခြင်းနှင့် လူ့ခန္ဓာကိုယ်တွင်းရှိ လွတ်လပ်သော အခြေခံဓာတုပစ္စည်း (Freeradicals)ကို များပြားစေပြီး ဆင့်ကဲဓာတ်တိုးမှုကို အားပေးစေခြင်းကြောင့် အသည်းပျက်စီးမှုကို ပိုမိုများပြားစေသည်။ ထို့ကြောင့် သံဓာတ်လျှော့ချခြင်းသည် အသည်းရောင်အသားဝါစီပိုး ပွားများခြင်းကို အဟန့်အတားဖြစ်စေ၍ ရောဂါသက်သာမှုကို အထောက်အကူပြုသည်။

လွန်ခဲ့သော နှစ် ၂၀ ကျော်ကပင် သံဓာတ်သည် အသည်းရောင်အသားဝါရောဂါ၏ သဘာဝဖြစ်စဉ်ကို လွှမ်းမိုးမှုရှိကြောင်း သုတေသနပြုချက်များအရ သိရှိခဲ့ရသည်။ အမေရိကန် သုတေသနပညာရှင် Blumberg က အသည်းရောင်အသားဝါ ဘီရောဂါခံစားနေရသူများတွင် သံဓာတ်များပြားသည်၊ နည်းပါး သွေးဖောက်ခြင်းဖြင့် သံဓာတ်လျှော့ချသည့် နည်းလမ်းကို အမေရိကန်နိုင်ငံတွင် အသည်းရောင်အသားဝါ ရောဂါကုသနည်းများအနက် နည်းလမ်းတစ်ခုအဖြစ် လက်ခံကုသနေကြသကဲ့သို့ ဂျပန်နိုင်ငံတွင်လည်း စတင်အသုံးပြု ကုသနေကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင်လည်း ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် အသည်းရောင်အသားဝါ စီပိုးရှိသူများအား သံဓာတ်လျှော့ချပေးသည့် ကုထုံးဖြင့် ကုသခြင်းကို သုတေသနပြုလျက်ရှိသည်။ ယင်းကုထုံးကုသရာတွင် ရက်သတ္တနှစ်ပတ်တစ်ခါ သွေး ၂၀၀ စီစီ (ရေတစ်ဖန်ခွက်စာ)ကို ရက်သတ္တ ၁၂ ပတ်ကြာမျှ သွေးဖောက်ထုတ်မှုပြုလုပ်ပြီး နှစ်လတစ်ခါ ၁၂ လကြာအထိ သွေးဖောက်ထုတ်ခြင်း ဆက်လက်ပြုလုပ်သည်။ အဆိုပါသုတေသနလုပ်ငန်းမှာ အောင်မြင်မှုများတွေ့ရှိလျက်ရှိပြီး ယင်းသုတေသနပြုချက် ပြီးဆုံးပြီးသောအခါ စံချိန်မီကုထုံးလုပ်ဆောင်ချက်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံများသို့ လွှဲပြောင်းပေးရန် စီစဉ်မည်ဖြစ်သည်။ ယင်းကုသမှုသည် ကုန်ကျစရိတ်နည်းပါးသဖြင့် ရောဂါသည်အများစုတတ်နိုင်မည့် ကုထုံးဖြစ်လာပေမည်။

သွေးအကြိမ်ကြိမ်ဖောက်ထုတ်ခြင်းဖြင့် သံဓာတ်လျှော့ချ ကုထုံးသည် အသည်းအင်ဇိုင်းပမာဏကို ကျဆင်းစေရုံသာမက အသည်းရောင်အသားဝါ စီရောဂါကြောင့်ဖြစ်သော ကြွက်သားနာကျင်ခြင်းနှင့် အရိုးအဆစ်ရောင်ရမ်းခြင်းတို့ကိုပါ သက်သာစေကြောင်း အစ္စရေးနိုင်ငံမှ သုတေသနပညာရှင်တစ်ဦး၏ လေ့လာချက်အရ တွေ့ရှိရသည်။ အထက်ပါ သွေးအကြိမ်ကြိမ်ဖောက်ထုတ်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်ရေး တိုင်းရင်းသားပြည်သူတို့ ပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်လျက်ရှိ ရေးတောင်ခြမ်းဒေသဖွံ့ဖြိုးရန် ဒေသခံပြည်သူများဝိုင်းဝန်းပါဝင်

ရန်ကုန် ဇူလိုင် ၃၀

မွန်ပြည်နယ် ရေးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရေးတောင်ခြမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးမြို့နယ် ခေါဇာကျေးရွာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံ၍ ဒေသလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၇နာရီတွင် ရေးမြို့မှ မော်တော်ယာဉ်များဖြင့် ရေးတောင်ခြမ်းဒေသ ခေါဇာကျေးရွာသို့ ထွက်ခွာကြရာ လမ်းတစ်လျှောက်ရှိ ရေးတောင်ခြမ်းဒေသများ ဖြစ်ကြသည့် ကလော့၊ ဟံဂံ၊ ဆင်ဂူ၊ တိုးတက်ရွာသစ်၊ ရင်းရဲ၊ ရင်းဒိန်၊ ကဗျာကြီးနှင့် ရွှေဟသာကျေးရွာများသို့ ရောက်ရှိပြီး ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးကာ ကဗျာကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း တည်ဆောက်ရန် ငွေကျပ် ၁၅၀၀၀၀၀ လှူဒါန်းသည်။

ဘိလပ်မြေလှူဒါန်း

ထို့အတူ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်ကလည်း ဆင်ဂူကျေးရွာနှင့် ရင်းရဲကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်အတွက် ဘိလပ်မြေအိတ်များကို လှူဒါန်းခဲ့သည်။

အလားတူပင် ရေးတောင်ခြမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဒေသခံတိုင်းရင်းသားပြည်သူအချင်းချင်း အပြန်အလှန်ပံ့ပိုးကူညီမှုအဖြစ် မွန်ပြည်နယ် အစင်ကျေးရွာမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မြင့်က ရင်းရဲကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောက်လုပ်ရန် ငွေကျပ် ၅၀၀၀၀၀နှင့် ကဗျာကြီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းသစ် ဆောက်လုပ်ရန်ငွေကျပ် ၅၀၀၀၀၀ တို့ကို လှူဒါန်းခဲ့သည်။

ခေါဇာရဲစခန်းစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် ခေါဇာကျေးရွာ ရဲစခန်းသို့ရောက်ရှိပြီး ခေါဇာရဲစခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ခေါဇာတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ခေါဇာတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် မတည်လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀ ကို တိုက်နယ်ဆရာဝန်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခေါဇာကျေးရွာအုပ်စုရှိ ကျေးရွာများမှ တိုင်းရင်းသား ပြည်သူများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသလုံခြုံရေးနှင့် အေးချမ်းသာယာရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဆိုင်ရာကိစ္စရပ်များအတွက် အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ကျေးရွာများ၏ လိုအပ်ချက်များကိုပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကား ပြောကြားရာတွင် ဤခေါဇာကျေးရွာကို အခြေပြုလျက်ရေးတောင်ခြမ်းဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ ရောက်ရှိလာခြင်း ဖြစ်ကြောင်း။

ထိုသို့ရောက်ရှိလာခြင်းမှာ ရေးတောင်ခြမ်းဒေသတစ်ခုလုံး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင် လိုအပ်သည်များကို ကွင်းဆင်းကြည့်ရှု လေ့လာပံ့ပိုး ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း။

ဒီမိုကရေစီထွန်းကားလာမည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံသားများ လိုလားတောင့်တသော စည်းကမ်းရှိသည့် ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာအောင်နိုင်ငံသားတိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ မိမိတို့ လိုလားတောင့်တသော ဒီမိုကရေစီစနစ်ဖြင့်သွားမည်ဆိုလျှင် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရေး ခိုင်မာစွာရှိရန် လိုအပ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံး စီးပွားတောင့်တင်းခိုင်မာဖို့ လိုအပ်ကြောင်း၊ နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး၊အုပ်ချုပ်ရေးစသည့် မဏ္ဍိုင်လေးရပ် ခိုင်မာတောင့်တင်းမှသာ ဒီမိုကရေစီစနစ် ထွန်းကားပီပြင်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသော ဒီမိုကရေစီစနစ်ထွန်းကားလာရေးအတွက် အခြေခံလိုအပ်ချက်များကိုအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

မွန်ပြည်နယ်တွင် ရေးတောင်ခြမ်းဒေသသည် ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေသေးကြောင်း၊ ဤဒေသဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်များကို စီမံဖြည့်ဆည်းပေးရန်အတွက် ဒေသရှိတိုင်းရင်းသားပြည်သူများ အနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း။

ရေးတောင်ခြမ်းဒေသ တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသကဲ့သို့ ဒေသနေ ပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများတွင်တက်ညီလက်ညီ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကဗျာဝကျေးရွာအခြေခံပညာမူလတန်းကျောင်းဆောက်လုပ်ရန် ငွေကျပ် ၁၀၀၀၀၀၀ကို ကျေးရွာရပ်မိရပ်ဖ ဦးအောင်ဆန်းထံ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည်အခမ်းအနားတက်ရောက်လာကြသောတိုင်းရင်းသားပြည်သူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခေါဇာကျေးရွာမှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး မော်လမြိုင်မြို့၌ ညအိပ်ရပ်နားကြသည်။**(သတင်းစဉ်)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ခြင်းဖြင့် သံဓာတ်လျော့ချကုထုံးသည် အသည်းရောင်အသားဝါ စီရောဂါဝေဒနာရှင်များအပြင် အသည်းရောင်အသားဝါ ဘီရောဂါဝေဒနာရှင်များအတွက်ပါ ကုသရာ၌ အကျိုးထိရောက်မှုရှိနိုင်ကြောင်း ဂျပန်နိုင်ငံ အိုကယာမတက္ကသိုလ်မှ ပါမောက္ခ အိုကာတာက အကြံပြုခဲ့သည်။

အသည်းရောင်အသားဝါ ဘီကာကွယ်ဆေး

မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ ဘီကာကွယ်ဆေး အမျိုးအစား နှစ်မျိုး မှတ်ပုံတင်ထားသည်။ ပထမအမျိုးအစားမှာ နာတာရှည် အသည်းရောင်အသားဝါ ဘီရောဂါဝေဒနာရှင်များ၏ သွေးရည်ကြည်မှ ထုတ်ယူခြင်းဖြစ်၍ ဒုတိယအမျိုးအစားမှာ အဆင့်မြင့် DNAနည်းပညာသုံး၍ရရှိသော ကာကွယ်ဆေးဖြစ်သည်။

ပထမအမျိုးအစားဖြစ်သည့် သွေးရည်ကြည်မှထုတ်ယူသော ကာကွယ်ဆေးတွင် သွေးမှ ဗိုင်းရပ်စ်ပိုးများပါဝင်မည်ကို ပြည်သူလူထုအများစုသာမက အချို့သော ကျန်းမာရေးဝန်ထမ်းများပင် ထိတ်လန့်ကြောက်ရွံ့လျက်ရှိကြောင်း သိရသည်။ ထိုသွေးရည်ကြည်မှထုတ်ယူသော အသည်းရောင်အသားဝါ ဘီကာကွယ်ဆေးကို မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးရှိ လူသန်းပေါင်းများစွာက စိတ်ချစွာအသုံးပြုလျက်ရှိကြောင်း တင်ပြအပ်ပါသည်။ ဥပမာအားဖြင့် တောင်ကိုရီးယားနိုင်ငံတွင် Chiel Jedang ကော်ပိုရေးရှင်းနှင့် ကိုရီးယားဂရင်းခရော့စ်မှ Hepavax B ကာကွယ်ဆေးသည် သွေးရည်ကြည်မှထုတ်ယူသော ကာကွယ်ဆေးအမျိုးအစား ဖြစ်သည်။

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)က ဦးစီး၍ သွေးရည်ကြည်မှ ထုတ်ယူသော အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးကို အောင်မြင်စွာ ထုတ်လုပ်လျက်ရှိသည်။ ပြည်သူတစ်ရပ်လုံး ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် အလို့ငှာ ယင်းကာကွယ်ဆေး၏ ယုံကြည်စိတ်ချရမှု (Safety)နှင့် ဆေးပြင်းအား (Potency)အကြောင်းကို အနည်းငယ်မျှ ဖော်ပြလိုသည်။

မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်မှစ၍ သွေးရည်ကြည်မှထုတ်ယူသော အသည်းရောင်အသားဝါ ဘီကာကွယ်ဆေးကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် စတင် ထုတ်လုပ်ဆောင်ရွက်ရန် ကြိုးပမ်းခဲ့သည်။ နိုင်ငံခြားမှ တတ်ကျွမ်းနားလည်သော ပညာရှင်အဖွဲ့များ မြန်မာနိုင်ငံသို့လာရောက်၍ အသိပညာများ ဖြန့်ဖြူးပေးခြင်းအပြင် သုတေသနပညာရှင်များနှင့် ဓာတ်ခွဲကျွမ်းကျင်သူများမှလည်း သွားရောက်လေ့လာခဲ့ပြီးနောက် ၁၉၉၆ ခုနှစ်တွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် အမေရိကန်နိုင်ငံ နယူးယောက် သွေးဌာနမှ နည်းပညာကိုအသုံးပြုကာ သွေးရည်ကြည်မှထုတ်ယူသော အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့သည်။ ယင်းကာကွယ်ဆေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော စံချိန်မီ အရည်အသွေး(Quality Control)နှင့် ကိုက်ညီသည်။ အဆင့်မြင့် ဇီဝမော်လီကျူးဆိုင်ရာ နည်းပညာများ၊ ကိရိယာများဖြင့် စစ်ဆေးလက်ခံ အတည်ပြုခဲ့သည်။ ထို့ကြောင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)က ထုတ်လုပ်သော သွေးရည်ကြည်မှထုတ်သည့် အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးသည် လူသားများအား စိတ်ချစွာ ထိုးနိုင်ကြောင်း အမေရိကန်နိုင်ငံ နယူးယောက် သွေးဌာနကြီးမှ အတည်ပြုချက်ကို ၁၉၉၄ ခုနှစ်တွင် ရရှိခဲ့သည်။

ယခုအခါတွင် နှစ်စဉ် အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးအလုံးရေ တစ်သိန်းခန့်ကို ဈေးနှုန်းသက်သာစွာဖြင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)က ဖြန့်ဖြူးလျက်ရှိသည်။ ထို့အပြင် အသည်းရောင်အသားဝါဘီပိုး ရှိမရှိစစ်ဆေးခြင်း၊ အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးထိုးပြီးနောက် ပဋိပစ္စည်း(Antibody Level) တိုးတက်မှုစစ်ဆေးခြင်းတို့ လုပ်ဆောင်နိုင်ရန် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် အသည်းရောင်အသားဝါ ကာကွယ်ဆေးနှင့် ရောဂါရှာဖွေရေးဆေးခန်းကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ခဲ့ကာ ရောဂါကုသမှုသာမက နှစ်သိမ့်ပညာပေး ဆွေးနွေးခြင်း(Counseling)ပြုလုပ်ခြင်းဖြင့်ပါ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ လမ်းညွှန်မှု၊ စီစဉ်ပေးမှုဖြင့် အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးစက်ရုံကို ရန်ကုန်တိုင်းအတွင်း တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ အဆိုပါစက်ရုံသည် သွေးရည်ကြည်မှထုတ်လုပ်သော ကာကွယ်ဆေးသာမက Recombinant DNAနည်းပညာဖြင့်ထုတ်လုပ်သော ကာကွယ်ဆေးပါ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အသည်းရောင်အသားဝါ ကာကွယ်ဆေးများကို လုံလောက်စွာဖြန့်ဖြူးနိုင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၌ထုတ်လုပ်သော အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးကို အမျိုးသားတိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်တွင် ထည့်သွင်းနိုင်မည်ဖြစ်၍ တစ်နိုင်ငံလုံး လွှမ်းခြုံမှုအပြည့်အဝရရှိပြီး နောင်အနာဂတ်အတွက် မကြာမီ စိတ်အေးကြရတော့မည် ဖြစ်သည်။

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည် မြန်မာနိုင်ငံတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာတွင် မြန်မာပြည်သူ ပြည်သားများအတွက် အသည်းရောင်အသားဝါဗိုင်းရပ်စ်ပိုး ကင်းရှင်းစေမည့် သုတေသနလုပ်ငန်းများကိုလည်း အောင်မြင်စွာဆောင်ရွက် သုတေသနပြုလျက်ရှိသည်။

ဆေးသုတေသနဦးစီးဌာနသည် မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါရောဂါ အများအပြားဖြစ်ခဲ့မှုများ (Outbreaks)၌ အသည်းရောင်အသားဝါ အေပိုး၊ အသည်းရောင်အသားဝါ အီးပိုးတို့ကြောင့် ဖြစ်ပွားကြောင်းများကို သုတေသနပြု ဖော်ထုတ်နိုင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မှ စတင်ကာ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့၏ အကူအညီဖြင့် သွေးရည်ကြည်မှ ထုတ်လုပ်သော အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးပဏာမစီမံချက်ကို စတင်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးကို အသုတ်လိုက် စတင်ထုတ်လုပ်နိုင်ခဲ့သည်။ အဆိုပါ အသည်းရောင်အသားဝါ ကာကွယ်ဆေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်များအတိုင်း အရည်အသွေးထိန်းသိမ်းကာ စမ်းသပ်ဆောင်ရွက်ခဲ့သည်။ အမေရိကန်နိုင်ငံ ရောဂါကာကွယ်ရေးဗဟိုဌာနသို့ မိမိဌာနမှ သုတေသနပညာရှင်များ စေလွှတ်၍လည်း ကာကွယ်ဆေးထုတ်လုပ်မှုလုပ်ငန်းစဉ်များအတွက် လေ့လာစေခဲ့သည်။ အသည်းရောင်အသားဝါ စီ Test Kitဖွံ့ဖြိုးမှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောက်ရွက်ခဲ့ရာ မကြာမီကာလတွင် အစိုးရဆေးရုံ၊ ဆေးခန်းများသို့ Test Kitနည်းပညာများ လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်သည်။ Test Kitကို ပြည်ပနိုင်ငံများမှ မှာယူတင်သွင်းပါက စမ်းသပ်မှုတစ်ခုအတွက် အမေရိကန်ဒေါ်လာ ငါးဒေါ်လာခန့် ကုန်ကျမည်ဖြစ်ပြီး ပြည်တွင်း၌ သုတေသနပြုအောင်မြင်ခဲ့သည့်အတွက် စမ်းသပ်မှုတိုင်းတွင် နိုင်ငံခြားငွေသုံးစွဲမှု များစွာသက်သာသွားစေမည် ဖြစ်သည်။

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ထားသော အသည်းရောင်အသားဝါ ကာကွယ်ဆေးနှင့် ရောဂါရှာဖွေရေးဆေးခန်းတွင် အဆင့်မြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး သာမန်ကုထုံးဖြင့်သာမက နောက်ဆုံးပေါ်ကုသနည်းပညာများဖြင့်သာ စရိတ်စက သက်သာစွာဖြင့်ကုသ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသဖြင့် အသည်းရောင်အသားဝါရောဂါ၏ ဆိုးကျိုးများဖြစ်သည့် အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း စသည်တို့ကို ဟန့်တားပေးနိုင်ပြီဖြစ်သည်။ သို့ပါ၍ **အသည်းရောင်အသားဝါရောဂါဝေဒနာရှင်များ သက်တမ်းစေ့ ကျန်းမာစွာနေနိုင်ရေးအတွက် ကုထုံးသစ်ပေါ်ပေါက်ပြီဖြစ်ကြောင်းနှင့် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) သည် ကာကွယ်ဆေးထုတ်လုပ်မှု၊ အဆင့်မြင့်ကျန်းမာရေးစောင့်ရှောက်မှုများကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း** ဝမ်းမြောက်ဖွယ် သတင်းကောင်းပါးအပ်ပါသည်။ ။

မိုင်းနောင်မြို့နယ်၌ ကောက်စိုက်စွမ်းရည်ပြိုင် မိုးစပါးတိုက်ရိုက်အစေ့ချပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းနောင်မြို့ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် မိုးစပါးတိုက်ရိုက်အစေ့ချပြိုင်ပွဲကို ဇူလိုင် ၂၇ရက် နံနက်ပိုင်းက မိုင်းနောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်းရုံး) အနီးရှိ တောင်သူဦးသြရ၏ လယ်မြေ၌ကျင်းပရာ အခမ်းအနားသို့ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေးနှင့် တပ်မတော် အရာရှိကြီးများ၊ မိုင်းနောင်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ကောက်စိုက် စွမ်းရည်ပြိုင်ပွဲ တွင် ပြိုင်ပွဲဝင်အသင်း ငါးသင်းနှင့် တိုက်ရိုက် အစေ့ချပြိုင်ပွဲဝင် အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ကြရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုရရှိကြသော အသင်းများအား မိုင်းနောင်တပ်နယ်မှဗိုလ်မှူးကြီးသောင်းအေးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ခရိုင်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် တိုက်ရိုက်အစေ့ချပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့်ကောက်စိုက်လုံမေများအတွက် ထောက်ပံ့ငွေများကို ဗိုလ်မှူးကြီး သောင်းအေးက ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် အာသာဝတီတိုက် တွံတေး သာသနာပြု ကျောင်းတိုက်အတွင်းရှိ မြလေးနွယ် ဆုတောင်းပြည့် စေတီမြတ်ကြီး၏ ရင်ပြင်ဓမ္မာရုံကြီးတွင် ဓမ္မစကြာ အခါတော်နေ့ (ဒုတိယ ဝါဆိုလပြည့်) ဇူလိုင် ၃၁ ရက် စနေနေ့တွင် နိုင်ငံတော် သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိ(မြင်းခြံ) ဆရာတော်ကြီးအား ဦးကျော်ဝင်း-ဒေါ်စိန်မြင့်မိသားစုတို့က ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်း၊ ယောဂီသူတော်စင်ဓမ္မမိတ်ဆွေများအား အလှူရှင်များက အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

နဝင်္ဂဥပေါသထကိုးပါးသီလတရားတော်မြတ်ဟောကြားမည်

ရန်ကုန် ဇူလိုင် ၃၀

၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့(ဓမ္မစကြာနေ့) ဇူလိုင် ၃၁ရက် (စနေနေ့)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက နဝင်္ဂဥပေါသထကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိ

ရန်ကုန် ဇူလိုင် ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရလွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၃၁ ရက်ညနေထိ ခန့်မှန်းချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေး တိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

ကြိုဆိုနှုတ်ဆက်

ဇူလိုင် ၃၀ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း (၇၇)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်နေ့ ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Xu Shulaiနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ပိုလ်မြတ်ထွန်းတံတားကို အစုန်ဖြတ်သန်းကြသောရေယာဉ်များ စစ်ဆေးကြပ်မတ်ကွပ်ကဲမှုအဖွဲ့ထံဝင်ရောက်သတင်းပို့ဖြတ်သန်း

ရန်ကုန် ဇူလိုင် ၃၀

ယခုအခါ မြစ်ညာပိုင်း မိုးရွာသွန်းမှုများ၏ တောင်ကျ၊ ချောင်းကျရေများကြောင့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ရေများ မြို့များ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိနေချိန်တွင် ရေစီးနှုန်း မြင့်မားပြီး ကျွန်းများ၊ ကမ်းပါးများ ရေမြုပ်ရေလျှံနေ၍ စိုက်ထူပြသထားသော ရေလမ်းညွှန် အမှတ်အသားများလည်း ရေမြုပ်နိုင်သည်။

မြစ်ကူးတံတားကြီးများမှ ဖြတ်သန်းရာတွင် တစ်စင်းချင်း၊ တစ်တွဲချင်းသာဖြတ်သန်းရန်နှင့် ရေစီးနှုန်း၊ လေတိုက်နှုန်း၊ မိမိသယ်ဆောင်ဝန်နှင့် စက်အားတို့ကို ချင့်ချိန်၍ လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့်ဖြတ်သန်းကြရန် သတိပေးနှိုးဆော်ထားပြီးဖြစ်သည်။

ရေယာဉ်များအနေဖြင့် သတိပေးနှိုးဆော်ချက်ကို လိုက်နာမှုအားနည်းကြောင်းတွေ့ရှိရသဖြင့် ဗိုလ်မြတ်ထွန်းတံတားနှင့် ရေယာဉ်များလုံခြုံမှုအတွက် ရေယာဉ်များအား စစ်ဆေး ကြပ်မတ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်း၍ ညောင်တုန်းမြို့ တစ်ဖက်ကမ်း စကျော့ရွာတွင် စခန်းချထားပြီး ကြပ်မတ်ကွပ်ကဲသွားမည်ဖြစ်သည်။

ဗိုလ်မြတ်ထွန်းတံတားသို့ အစုန်ဖြတ်သန်းကြသော ရေယာဉ်များအားလုံး စကျော့ရှိ ရေယာဉ်များ စစ်ဆေးကြပ်မတ်ကွပ်ကဲရေးစခန်းသို့ ဝင်ရောက်သတင်းပို့ အစစ်ဆေးခံပြီးမှ ကွပ်ကဲရေးအဖွဲ့၏ လမ်းညွှန်မှုအတိုင်း လိုက်နာဖြတ်သန်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ (သတင်းစဉ်)

ဧရာနှင့်ဒုဋ္ဌဝတီ မြစ်ရေအခြေအနေ

ရန်ကုန် ဇူလိုင် ၃၀

ဧရာဝတီမြစ်ရေသည် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် သုံးပေခန့် စိုးရိမ်ရေမှတ်များအထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေများသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များအောက်သို့ ကျဆင်းနိုင်သည်။

အလားတူ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် လေးပေခွဲခန့်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ်၊ဒုတိယဝါဆိုလပြည့်(ဥပုသ်နေ့)
၃၁-၇-၂၀၀၄ (စနေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယကဆရာတော်ဘဒ္ဒန္တကုဏ္ဍလဇောတိ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဟောကြားတော်မူသောတရားဦးသာသနာပြုဓမ္မစကြာတရားတော်
၈:၂၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၃၀ ၆။ International News
၈:၄၅ ၇။ Islands of Dhamma.
၈:၅၀ ၈။ ဘဒ္ဒန္တကုမာရ(အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) အကျိုးတော်ဆောင် ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ ဝါဆိုလဘွဲ့တေးများ
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၀၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၁၃)
၁၃:၄၀ ၇။ ဖြူးချောင်းတံတား
၁၃:၅၀ ၈။ **"ကံ ကံ၏အကျိုး"** ကျော်သူ၊ ရီဝေယံ၊ မေသဥ္ဇာဦး၊ မြတ်ကေသီအောင် (ဒါရိုက်တာ-မောင်နှင်းမိုး)
၁၄:၂၅ ၉။ ဓမ္မပူဇာတေး
၁၄:၃၅၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၅၁၁။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ် ပြိုင်ပွဲ(ပထမဆု)(အထက-၂၊ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ အထူးပြုများ)(ဓာတုဗေဒ)
၁၇:၁၅ ၆။ ဓမ္မပူဇာတေးအစီအစဉ်
၁၇:၃၀ ၇။ မြင်းခြံစိန်ရဲနောင်ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
၁၇:၄၅ ၈။ မြန်မာစာ မြန်မာစကား
၁၈:၀၀ ၉။ ဝါဆိုလဘွဲ့တေးများ
၁၈:၁၀ ၁၀။ Discovery
၁၈:၂၀ ၁၁။ ထာဝရအလှူ ကုသိုလ်ယူ
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၁)
၁၉:၃၅ ၁၅။ မဟာဝံသ မြတ်ဗုဒ္ဓ (ဒုတိယပိုင်း)(တရားဦးရတနာဓမ္မစကြာ) (ဣန္ဒာဆွေ ရေးဖွဲ့ပူဇော်သည်)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသောအချစ်"** (အပိုင်း- ၁၁)
၂၁။ **"အမတမျိုးစေ့"(တေးရေး-ဣန္ဒာဆွေ၊ တေးပြု-ဂီတမှူးစန္ဒရား ခွန်တင်ကြွယ်)**
၂၂။ သီတဂူဆရာတော် အရှင် ဉာဏိဿရ၏ ဓမ္မစကြာတရားတော်
၂၃။ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

မြဝတီရုပ်မြင်သံကြား

၃၁-၇-၂၀၀၄
(စနေနေ့) နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဣန္ဒြေငါးပါးအင်အားညီမှ"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Classification of Plants (ဒုတိယနှစ်-ပထဝီဝင် အထူးပြု)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"** (အပိုင်း-၁၂)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားတဲ့သမား"** (အပိုင်း-၂၅)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်
World Breastfeeding Week
(၁-၈-၂၀၀၄ မှ ၇-၈-၂၀၀၄)
လုံခြုံပြည့်ဝ စိတ်ချရေး မိခင်နို့(တစ်မျိုးတည်း)သာ တိုက်ကျွေးပေး
Exclusive Breastfeeding: the Gold Standard
Safe,Sound, Sustainable
ကျန်းမာရေးဝန်ကြီးဌာန

လက်ရှိအာရှဖလားချန်ပီယံ ဂျပန်နှင့် အာရှ၏ ဂရိဖြစ်သည့် ဂျော်ဒန် နာမည်ကြီးတောင်ကိုရီးယားနှင့် အီရန်တို့ ကွာတားဖိုင်နယ်ပွဲများယနေ့ နွှဲမည်

သတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၃၀

အာရှဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိရာ ဇူလိုင် ၃၁ ရက် **(ယနေ့)**တွင် ဂျပန်နှင့် ဂျော်ဒန်၊ တောင်ကိုရီးယားနှင့် အီရန်တို့ ကွာတားဖိုင်နယ်ပွဲစဉ်များ ကစားရမည်ဖြစ်သည်။

ချုံကင်းမြို့ ချုံကင်းအိုလံပစ် စင်တာကွင်း၌ ယနေ့ကျင်းပမည့် ဂျပန်နှင့် ဂျော်ဒန်တို့ပွဲတွင် ဂျပန်သည် အုပ်စုပွဲ သုံးပွဲကစားခဲ့ရာ အိုမန်ကို တစ်ဂိုး–ဂိုးမရှိ၊ ထိုင်းကို လေးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး အီရန်ကို ဂိုးမရှိ သရေကျခဲ့ရာ သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် (၇)မှတ်ရကာ အုပ်စု (ဃ)အုပ်စု ပထမဖြင့် ကွာတား တက်လာခဲ့သောအသင်းဖြစ်သည်။

အာရှဖလား လက်ရှိချန်ပီယံ ဂျပန်အသင်းသည် အုပ်စုပွဲ သုံးပွဲကစားခဲ့ရာတွင် ငါးဂိုးသွင်းနိုင်ပြီး တစ်ဂိုး အသွင်းခံထားရသဖြင့် ဂျပန်တို့၏ ဂိုးသွင်းစွမ်းရည်သည် အားရဖွယ်ရာ မရှိချေ။

ဂျပန်နည်းပြဇစ်ကိုမှာ သူ့အသင်းကို ရှေ့တန်း၌ တာမာဒါ၊ ဆူဇူကီးနှင့် ဖူကူနီရှိတို့ထားကာ အလယ်တန်း၌ တာကာဆိဖူကူနီရှိ၊ နာကာမူရာနှင့် ယာဆူဂီတိုအင်ဒူးတို့ ပုံမှန်ထားပြီး အလယ်တန်းကစားကွက်မှတစ်ဆင့် ထိုးဖောက်ကစားသည့် အသင်းလည်း ဖြစ်သည်။ ဂျပန်တို့ တစ်ဦးချင်း ဘောလုံးကျွမ်းကျင်မှုနှင့် အသင်းလိုက် စုစည်းမှုကောင်းသော်လည်း တိုက်စစ်မှူးများ ဂိုးသွင်းနိုင်မှု အားနည်းလျက်ရှိရာ လက်ရှိခြေစွမ်းနှင့် အာရှဖလား ချန်ပီယံကာကွယ်ရန်မှာ မလွယ်ကူပေ။

အာရှဖလားအုပ်စုပွဲ သုံးပွဲကစားခဲ့ရာတွင် နာကာမူရာ နှစ်ဂိုး၊ နာကာဇာဝါ နှစ်ဂိုးနှင့် ဖူကူနီရှိ တစ်ဂိုးသွင်းထားနိုင်ခဲ့ရာ ထိုင်းနှင့်ပွဲ၌သာ လေးဂိုးပြတ်သွင်းနိုင်ပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

ဂျပန်အသင်းသည် အာရှဖလားပွဲသမိုင်းတွင် ၁၉၉၂ခုနှစ် ချန်ပီယံ၊ ၁၉၉၆ခုနှစ် ကွာတားဖိုင်နယ်၊ ၂၀၀၀ ပြည့်နှစ်ချန်ပီယံ ဟူသော ဂုဏ်ပုဒ်များ ရှိနေရာ လူသစ်တန်း ဂျော်ဒန် အသင်းအဖို့ ဂျပန်ကို အနိုင်ယူရန် မလွယ်ကူပေ။

ဂျပန်နှင့် ကွာတားဖိုင်နယ်တွင် ကစားရမည့် ဂျော်ဒန်မှာ အုပ်စု(ခ)မှ အုပ်စုဒုတိယဖြင့် ကွာတားတက်ခဲ့သောအသင်းဖြစ်ပြီး အုပ်စုပွဲများ ကစားခဲ့ရာတွင် နာမည်ကြီး တောင်ကိုရီးယားကို ဂိုးမရှိသရေ၊ ကူဝိတ်ကို နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ယူအေအီးကို ဂိုးမရှိ သရေကစားခဲ့ကာ သုံးပွဲတွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် (၅)မှတ် ရရှိပြီး ကွာတားတက်ခဲ့ခြင်းဖြစ်သည်။

ဂျော်ဒန်နည်းပြ အယ်ဂိုဟာရီက သူ့အသင်းကို ခံစစ်အားပြု တန်ပြန် တိုက်စစ်နည်းဖြင့် ကစားခိုင်းရာတွင် အောင်မြင်မှုများရရှိခဲ့ပြီး ကွာတား အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သော်လည်း ကွာတား၌ ဂျပန် နှင့် ကစားသောပွဲတွင် တိုက်စစ် ဖွင့်ပြီး ဂိုးများရရှိအောင် နည်းစနစ် ပြောင်းလဲကစားမည်ဟု ပြောကြား ထားသည်။

အာရှ၏ ဂရိဟု နာမည်ကြီးနေသော ဂျော်ဒန်အသင်းတွင် ရှေ့တန်း၌ အယ်ဆာရင်၊ မိုယက်ဆလမ်နှင့် အဘူ ဇီမာတို့ တိုက်စစ်အတွဲရှိသော်လည်း တစ်ဖက်အသင်းကို ထိုးဖောက် တိုက်စစ်ဆင်ရာတွင် ဂိုးရအောင် မဖန်တီးနိုင်ပေ။

ဂျော်ဒန်အလယ်တန်းတွင် မူစတာ ရှိတ်ဒက်၊ ဟက်ဆိုရင်ကာဆမ်၊ ကူဆေးတို့ ပီပြင်စွာကစားနိုင်ကြပြီး တစ်ဖက်အသင်းတိုက်စစ်ကို ဟန့်တား နိုင်ကြသည်။ ဂျော်ဒန်ဂိုးသမား အက်မာရှဖီဆေ့ဖ်လည်း သေချာပေါက်ဂိုး များကို ကာကွယ်နိုင်လျက်ရှိရာ အုပ်စု ပွဲများ၌ ကွာတားတက်သည့် အသင်း ရှစ်သင်းတွင် ဂိုးလုံးဝမပေးရသော အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ် သည်။ ဂျော်ဒန်အသင်း ဂိုးမပေးခဲ့ရ သော်လည်း ဂျော်ဒန်တိုက်စစ်မှူးများက အုပ်စုပွဲသုံးပွဲတွင် နှစ်ဂိုးသာ သွင်းနိုင် ခဲ့ရာ ကွာတားတက် ရှစ်သင်းတွင် ဂိုးအနည်းဆုံးသွင်းခဲ့သော အသင်း လည်း ဖြစ်သည်။

ဂျော်ဒန်အသင်း အာရှဖလားပွဲကို ၁၉၇၂ ခုနှစ်မှစတင်ပြီး ပါဝင်ယှဉ်ပြိုင် ခဲ့သော်လည်း ခြေစစ်ပွဲ တစ်ကြိမ်မျှ မအောင်မြင်ခဲ့ပေ။ ယခု အာရှဖလား ၂၀၀၄ ၌ ခြေစစ်ပွဲပထမဆုံးအောင်ပြီး ကွာတားဖိုင်နယ်အထိ တက်လှမ်းနိုင် ခဲ့ခြင်းဖြစ်ရာ ယခုကဲ့သို့ အောင်မြင်မှု ရရှိခြင်းကိုပင် ဂျော်ဒန်ဘုရင် ဒဗ္ဗဒူလာ က ဂုဏ်ပြုချီးကျူးစကားဆိုကာ ဂျော်ဒန်အသင်း နိုင်ငံ့ဂုဏ်ဆောင် နေပြီဟု ပြောကြားခဲ့သည်။

ဂျော်ဒန်အသင်းမှာ ယခုနှစ် အာရှဖလားခြေစစ်ပွဲတွင် အီရန်အသင်း ကို အနိုင်ကစားခဲ့ပြီး ခြေစွမ်းထက် လျက်ရှိရာ ကမ္ဘာ့အဆင့် သတ်မှတ် ချက်တွင်လည်း အဆင့် ၄၃ထိ ရောက် ရှိနေသော အသင်းဖြစ်သဖြင့် ယနေ့ပွဲ၌ ဂျပန်တို့ ဂျော်ဒန်ကို လျှော့တွက်ပြီး ကစားပါက အာရှဖလား လက်ရှိ ချန်ပီယံဂျပန် ကွာတားမှပင် လှည့်ပြန် သွားရကိန်းဆိုက်မည်ဖြစ်ရာ ခြေကုန် ထုတ်ကစားမှ တော်ကာကျမည် ဖြစ်သည်။

အာရှဖလားကွာတားဖိုင်နယ် ပွဲစဉ် အဖြစ် တောင်ကိုရီးယားနှင့် အီရန်တို့ တရုတ်နိုင်ငံ ဂျီနန်မြို့ ရှန်ဒေါင်း စပေ့စင်တာကွင်း၌ ဇူလိုင် ၃၁ ရက် **(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်ရာ အာရှထိပ်သီးနှစ်သင်း ကစား ကြမည်ဖြစ်သဖြင့် ပွဲကြီးပွဲကောင်းပင် ဖြစ်သည်။

တောင်ကိုရီးယားအသင်းသည် အုပ်စု(ခ)၌ ပါဝင်ပြီး အုပ်စုပွဲများ ကစားခဲ့ရာတွင် ဂျော်ဒန်နှင့် ဂိုးမရှိ သရေ၊ ယူအေအီးကို နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ကာကူဝိတ်ကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ (၇)မှတ်ဖြင့် အုပ်စု(ခ) အုပ်စုပထမရရှိခဲ့သော အသင်းဖြစ် သည်။ အာရှဖလားအုပ်စုပွဲများ ကစား ခဲ့ရာတွင် တရုတ်အသင်းပြီးလျှင် ဒုတိယဂိုးအများဆုံးသွင်းနိုင်ခဲ့သည့် အသင်းဖြစ်ရာ သုံးပွဲကစား ခြောက်ဂိုး သွင်းနိုင်ခဲ့သည်။

တောင်ကိုရီးယား ရှေ့တန်း တိုက်စစ်မှူးများဖြစ်သည့် လီဒေါင်ဂွတ်၊ ချာဒူရီ၊ ပက်ကျီဆွန်၊ ကင်ဂျင်ယုနှင့် အင်ဂျွန်ဝမ်တို့ တစ်ဖက်အသင်း နောက်တန်းကို ထိုးဖောက်မွှေနှောက် ကစားနိုင်ကြသည်ဖြစ်ရာ အုပ်စုဖွဲ့ တိုက်စစ်ဆင်ပါက အီရန်တို့ မလွယ် ချေ။

တောင်ကိုရီးယားအသင်း အနေ ဖြင့် အာရှဖလားသမိုင်းတွင် ၁၉၅၆၊ ၁၉၆၀ပြည့်နှစ်တွင် ချန်ပီယံ၊ ၁၉၆၄ ခုနှစ်တွင် တတိယ၊ ၁၉၇၂ ခုနှစ်တွင် ဒုတိယ၊ ၁၉၈၀ပြည့်နှစ်တွင် ဒုတိယ၊ ၁၉၈၈ခုနှစ်တွင် ဒုတိယ၊ ၁၉၉၆ခုနှစ် တွင် ကွာတားဖိုင်နယ်၊ ၂၀၀၀ပြည့်နှစ် တွင် တတိယရရှိခဲ့သော အစဉ်အလာ ကောင်းများလည်းရှိနေရာ အီရန်တို့ တောင်ကိုရီးယားကို ကျော်ဖြတ်ရန် လွယ်ကူမည်မဟုတ်ချေ။ လက်ရှိအာရှ ဖလား အုပ်စုပြိုင်ပွဲများ ကစားခဲ့ကြ ရာတွင် ဂိုးအများဆုံး သွင်းထားနိုင်သူ များမှာ တောင်ကိုရီးယား တိုက်စစ်မှူး များဖြစ်သည့် လီဒေါင်ဂွတ်(သုံးဂိုး)နှင့် အင်ဂျွန်ဝမ်(နှစ်ဂိုး)တို့ဖြစ်ရာ အီရန်ကို အနိုင်ကစားပြီး ဂိုးသွင်းစွမ်းရည်ကို ဆက်လက်ထိန်းသိမ်း ကြသူများဖြစ် ကြမည်။

တောင်ကိုရီယားနည်းပြ အွန်ဖရီရီ က တောင်ကိုရီးယားအသင်း အာရှ ဖလား ချန်ပီယံအဖြစ် မြင်တွေ့စေရ မည်ဟု အာမခံချက်ရဲရဲဖြင့် ပြောကြား လျက်ရှိရာ မကြာမီ အဖြေပေါ်တော့ မည်ဖြစ်သည်။

အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ခ)မှ တောင်ကိုရီးယားနှင့် ကူဝိတ်တို့ပွဲတွင် တောင်ကိုရီးယားနောက်ခံလူ ချုံဂျင်ချူ(ဝဲ) ကူဝိတ်တိုက်စစ်မှူး ဘတ်ဟာအဗ္ဗဒူလာ(ယာ) ထိုးဖောက်မှုကို ဟန့်တားစဉ်။ (သတင်းစဉ်)

တောင်ကိုရီးယားနှင့် ကွာတားဖိုင်နယ်ကစားရမည့် အီရန်အသင်းသည်လည်း အုပ်စု(ဃ)အုပ်စုပွဲများကို ကစားခဲ့ရာ၌ ထိုင်းကိုသုံးဂိုး–ဂိုးမရှိ၊ အိုမန်ကို နှစ်ဂိုးစီသရေကစားပြီး ဂျပန်နှင့် ဂိုးမရှိသရေကျခဲ့သဖြင့် သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် (၅)မှတ် ရကာ အုပ်စု(ဃ) အုပ်စုဒုတိယဖြင့် ကွာတားတက်လာခဲ့ခြင်းဖြစ်သည်။

အာရှဖလားသုံးကြိမ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ဖူးသည့် အီရန်အသင်း သည် ယခုနှစ် အာရှဖလားပွဲ၌ ကစားပုံ လေးလေးပင်ဖြစ်လျက်ရှိရာ အီရန် နည်းပြ အိုင်ဗင်ကိုဗစ်က သူ့အသင်းကို ကွာတား၌ ကစားကွက်နှင့် နည်းစနစ် ပိုင်း ပြောင်းလဲကျင့်သုံးရတော့မည် ဖြစ်သည်။

အီရန်အသင်း အုပ်စုပွဲများကစား ခဲ့ရာတွင် ငါးဂိုးသွင်းထားခဲ့သဖြင့် တိုက်စစ်မှူးများ၏ ဂိုးသွင်းစွမ်းရည် ကောင်းမွန်မှု အားရဖွယ်မရှိပေ။ အီရန် ရှေ့တန်း၌ ဝါရင့်သမ္မာရင့် တိုက်စစ်မှူး အလီဒါယီ၊ မက်ဒီမက်ဒါဗီကာတို့က အီရန်အသင်းကို ဦးဆောင်ကစားနိုင် သော်လည်း အဆုံးသတ်ဂိုးသွင်းရာတွင် မပိုင်နိုင်ကြချေ။

အီရန်အလယ်တန်းတွင် အလီကာ ရီမီသည် ယခုအာရှဖလားပွဲ၌ ခြေစွမ်း ပြလျက်ရှိရာ ရှေ့နောက်လိုက်ပါ ကစားနိုင်ကာ ဂိုးသွင်းနိုင်သူလည်း ဖြစ်သည်။ အလယ်တန်းမှ ဂျာဗစ်နီ ကိုရမ်နှင့် မိုဟာမက်အလာဗီတို့လည်း တိုက်စစ်ဆင်ကစားရာတွင် လိုက်ပါ အားဖြည့်နိုင်ကြသူများဖြစ်ရာ အီရန် အလယ်တန်း ကောင်းမွန်သည့်အနေ ထား၌ရှိသည်။ အီရန်အသင်း၏ အားနည်းချက်မှာ နောက်တန်းဖြစ်ပြီး အဓိကနောက်ခံလူသုံးဦး မပါဝင်နိုင် မှုကြောင့် တောင်ကိုရီးယားတို့၏ တိုက်စစ်ကို ဟန့်တားကာကွယ်ရန် အီရန်နည်းပြ အိုင်ဗန်ကိုဗစ် စဉ်းစား ရွေးချယ်ရတော့မည်ဖြစ်သည်။

အီရန်ဂိုးသမား အီဘရာဟင် မီဇာပူဝါမှာ သေချာပေါက်ဂိုးများကို ကာကွယ်နိုင်သူဖြစ်ပြီး အဝင်အထွက် မှန်သူတစ်ဦးလည်းဖြစ်သည်။

အီရန်နှင့် တောင်ကိုရီးယားတို့ အာရှဖလားသမိုင်းတွင် ကွာတား အဆင့်၌ ယခင်က နှစ်ကြိမ်၊ အုပ်စု အဆင့်၌ တစ်ကြိမ်၊ ဖိုင်နယ်ပွဲ၌ တစ်ကြိမ် စုစုပေါင်းလေးကြိမ် ဆုံခဲ့ ဖူးရာ အီရန်က နှစ်ကြိမ်၊ တောင် ကိုရီးယားက နှစ်ကြိမ် နိုင်ခဲ့ကြသည်။ သို့သော်လည်း ၁၉၉၆ခုနှစ် အာရှ ဖလားပြိုင်ပွဲတွင် တောင်ကိုရီးယားနှင့် အီရန်တို့ ကွာတားအဆင့်၌ တွေ့ကြရာ အီရန်က ခြောက်ဂိုး–နှစ်ဂိုးဖြင့် အနိုင် ယူခဲ့သဖြင့် အာရှဖလားဘောလုံး သမိုင်းတွင် အကြီးအကျယ် ဆိုးရွား သောရလဒ်ဖြစ်ခဲ့ရာ ယခုပွဲ၌ တောင် ကိုရီးယားတို့ ရာဇဝင်ကြွေးပြန်ဆပ်ရန် အခွင့်ကြုံလျက်ရှိသည်။

တောင်ကိုရီးယားနှင့် အီရန်တို့ အာရှဖလားပွဲများအပါအဝင် အခြားပွဲ စုစုပေါင်း ၁၀ပွဲဆုံတွေ့ခဲ့ရာ တောင် ကိုရီးယားက ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားသော မှတ်တမ်းကောင်း များရှိနေရာ တောင်ကိုရီးယားကို အီရန်တို့ ခက်ခက်ခဲခဲ ကစားရမည် ဖြစ်သည်။

အာရှဖလားသမိုင်းတွင် အစဉ် အလာကောင်းခဲ့သော အသင်းများ ဖြစ်သော်လည်း လက်ရှိအနေအထား တွင် တောင်ကိုရီးယားက အားသာ လျက်ရှိရာ အီရန်နောက်တန်းခံစစ် ကြောင်း မည်မျှကောင်းမွန်သည်ကို စောင့်ကြည့်ရတော့မည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

အရှေ့တောင်အာရှတံခွန်စိုက်ဂျူဒိုပြိုင်ပွဲ မြန်မာ ရွှေ(၃)၊ ငွေ(၂)နှင့် ကြေး(၁)ဖြင့်ဒုတိယရရှိ

ရန်ကုန် ဇူလိုင် ၃၀

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပသည့် (၈)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်ဂျူဒိုပြိုင်ပွဲကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ ဒုတိယ ဗိုလ်မှူးကြီးစောရွှေ(ကျောင်းအုပ်ကြီး အမှတ်–၂ အရာခံနှင့် အကြပ်ကြီး သင်တန်းကျောင်း၊ ကာကွယ်ရေး ဝန်ကြီးဌာန) ခေါင်းဆောင်သည့် ပြိုင်ပွဲဝင် အားကစား မောင်မယ် ခြောက်ဦးပါသည့် မြန်မာဂျူဒို အားကစားအဖွဲ့သည် ရွှေတံဆိပ် (၃)ခု၊ ငွေတံဆိပ် (၂)ခုနှင့် ကြေး တံဆိပ် (၁) ခုရရှိပြီး အသင်းလိုက် တွင် ဒုတိယရရှိခဲ့သည်။ ပထမနေရာ ကို အသင်းနှစ်သင်း ပါဝင်ယှဉ်ပြိုင် သွားသည့် အိမ်ရှင်ဗီယက်နမ်က ရရှိသွားသည်။ တတိယဆုကို ထိုင်း အသင်းက ရရှိသွားသည်။

ယှဉ်ပြိုင်

ဒုတိယဗိုလ်မှူးကြီး စောရွှေ ခေါင်းဆောင်သည့် မြန်မာဂျူဒို အားကစားအဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဇူလိုင် ၃၀ရက်မှ ဩဂုတ် ၁ရက်အထိ ကျင်းပလျက် ရှိသည့် (၁၂)ကြိမ်မြောက် အာရှ တံခွန်စိုက် ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

အနုတ် ၄၅ကီလိုတန်း အမျိုးသမီး ပြိုင်ပွဲတွင် ပထမ နွယ်နွယ်သန်း (စက်မှု–၁)၊ ဒုတိယ ဗီယက်နမ်နှင့် တတိယ ထိုင်းတို့ရရှိကြသည်။

အနုတ် ၅၇ကီလိုတန်း အမျိုးသမီး ပြိုင်ပွဲတွင် ပထမ အေးအေးသင်း (စက်မှု–၁)၊ ဒုတိယ ဗီယက်နမ်နှင့် တတိယ ထိုင်းတို့ရရှိကြသည်။

အနုတ် ၆၃ကီလိုတန်း အမျိုးသမီး ပြိုင်ပွဲတွင် အေးအေးအောင် (စက်မှု –၁)၊ ဒုတိယ ထိုင်းနှင့် တတိယ ဗီယက်နမ်တို့ ရရှိကြသည်။

အနုတ်၅၅ကီလိုတန်း အမျိုးသား ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မြန်မာနိုင်ငံမှ အောင်ထွန်းကျော် (သစ်တော)နှင့် တတိယ ထိုင်းတို့ ရရှိကြသည်။

အနုတ် ၄၅ ကီလိုတန်း ရွှေတံဆိပ်ရှင် နွယ်နွယ်သန်း (စက်မှု–၁)။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

အနုတ် ၇၃ကီလိုတန်းတွင် ပထမ ထိုင်း၊ ဒုတိယ မြန်မာနိုင်ငံမှ ရန်နိုင်စိုး (စက်မှု–၂) နှင့် ပူးတွဲတတိယ ဗီယက်နမ်နှင့် စင်ကာပူတို့ ရရှိကြ သည်။

အနုတ် ၅၂ကီလိုတန်း အမျိုးသမီး ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ ထိုင်းနှင့် တတိယ မြန်မာနိုင်ငံမှ ပထမဦးဆုံးအကြိမ် နိုင်ငံတကာပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်သည့် အေးအေးအောင် (သစ်တော)နှင့် စင်ကာပူတို့ ပူးတွဲ ဆွတ်ခူးသွားသည်။

မြန်မာ့ဂျူဒိုအဖွဲ့သည် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ဗီယက်နမ် နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပလျက် ရှိသည့် (၁၂)ကြိမ်မြောက် အာရှ တံခွန်စိုက် ဂျူဒိုပြိုင်ပွဲတွင် နာမည်ကြီး ဂျူဒိုထိပ်သီးနိုင်ငံများဖြစ်သည့် တောင် ကိုရီးယား၊ ဂျပန်တို့နှင့်အတူ ပါဝင် ယှဉ်ပြိုင် ဆင်နွှဲလျက်ရှိသည်။

(မြန်မာ့အလင်း)

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ပြည့်ဖြစ်သည်။

မိုးရာသီတာဝေးစက်ဘီးပြိုင်ပွဲ ဩဂုတ် ၅ရက်တွင် စာရင်းပိတ်မည်

ရန်ကုန် ဇူလိုင် ၃၀

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့ကကြီးမှူး၍ ၂၀၀၄ခုနှစ် အမျိုးသား ကီလိုမီတာ၁၆၀၊ အမျိုးသမီး ကီလိုမီတာ၈၀ ရန်ကုန်–ပဲခူး–ရန်ကုန် အသွားအပြန် တာဝေး လမ်းမပေါ် စက်ဘီးပြိုင်ပွဲကို ဩဂုတ်၇ရက် နံနက်၅နာရီခွဲတွင် ကျင်းပမည် ဖြစ်သည်။

ဆုချီးမြှင့်မည်

အဆိုပါစက်ဘီးပြိုင်ပွဲတွင် အောင်ပွဲရ စက်ဘီးအားကစားမောင်မယ်များအား ထိုက်ထိုက်တန်တန် ဆုကြေးငွေများချီးမြှင့်မည်ဖြစ်ရာ ပထမဆုကြေးငွေကျပ် ငါးသိန်း၊ ဒုတိယဆုကြေးငွေကျပ် လေးသိန်း၊ တတိယဆုကြေးငွေကျပ် သုံးသိန်း၊ စတုတ္ထဆုကြေးငွေကျပ် နှစ်သိန်း၊ ပဉ္စမဆုကြေးငွေကျပ် တစ်သိန်း အပြင် နှစ်သိမ့်ဆုငါးဆုကို တစ်ဦးလျှင် ဆုကြေးငွေကျပ်ငါးသောင်းစီ ချီးမြှင့် မည်ဖြစ်သည်။

၂၀၀၄ခုနှစ် မိုးရာသီတာဝေးစက်ဘီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဌာနဆိုင်ရာကလပ်အသင်းများ၊ ပြည်နယ်နှင့်တိုင်းများမှ စက်ဘီးအားကစား သမားများသည် ယခင်က သတင်းပြန်ကြေညာခဲ့သည့် ဩဂုတ် ၁ရက် အစား ဩဂုတ်၅ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးမြင့်ဟန် (သုဝဏ္ဏ စက်ဘီးလေ့ကျင့်ရေးကွင်း)ထံ အမည်စာရင်းများပေးသွင်းပြီး ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၃၀

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုဓာဝါသ ဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၈၁)တွင် (၄၉)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲကို ဩဂုတ် ၁၄ရက်မှ ၂၃ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းပွဲတွင် မိုးကုတ်ဓမ္မကထိက အရှင်ဝိဓေယျ (ဓမ္မာစရိယ) သာသနာ့ သာစည်ကျောင်း (၁၂)ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်မှ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းခန္ဓာအရှိဖြစ်ပျက်နှင့် ဉာဏ်အသိမဂ်ကိုက်ပြီး သစ္စာဆိုက်အောင် ဟောကြားပြသမည် ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

စီးပွား/ကူးသန်းဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း ဇူလိုင် ၃၀ရက်က ရန်ကုန်မြို့ ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)တွင် ကျင်းပသော မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးဝန်ထမ်းမိသားစုများ၏ သံဃာအပါး ၄၅၀ အတွက် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (စီးပွား/ကူးသန်း)

စူပါသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၃၀

ဖြစ်ချင်တဲ့ ဆန္ဒတွေပိုများလာတဲ့ ဂန္ထဝင် လီဆောင်းဦးရဲ့ နှောင်ဖွဲ့တွယ်ငင်တတ်သော ပြဿနာ၊ စူပါများရဲ့ ဒါရိုက်တာ(သို့) မောင်မျိုးမင်းလက်ထဲမှာရှိတဲ့ မြန်မာ့ရုပ်ရှင်၊ အမေ့နို့ဖိုးနဲ့ အကယ်ဒမီပြကွက်များ၊ လာဘ်ကောင်ကြီးရဲ့ စေတနာ၊ ဦးနေအောင်က တော်သေးသည်၊ စည်သူလွင်နှင့် သူ့ဘဝ သူ့အတွေး သူ့အနုပညာ၊ ဒါရိုက်တာတွေ စာပေတန်ဖိုးသိလာသောခါ၊ လူပျိုပေါက်၊ အပျိုပေါက်ဖြစ်လာတဲ့ ဟယ်ရီပေါ်တာဟာမီဝန်းနှင့် ရွှန်၊ ကိုကိုးလီရဲ့ ရင်ခုန်သံရစ်ချီတာစကေးစသော ပြည်တွင်း ပြည်ပရုပ်ရှင်ဂီတ စူပါအနုပညာရှင်များ၏ အတွင်းရေး၊ အပြင်ရေးပုံရိပ်များနှင့်အတူ ဇော်ဝင်းထွဋ်၏ စတိုင်လ်ရောင်စုံဓာတ်ပုံတို့ဖြင့် စူပါ သတင်းဂျာနယ် အမှတ်(၂၄)ကို ဆင်တောင်ကြီးစာပေ အမှတ် ၄၁ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

ဒဂုံအလက(၂)ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၃၀

ဒဂုံမြို့နယ် အလက (၂) ကျောင်း၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါကျောင်းရှိ ဒဂုံသူရိန်ခန်းမတွင် ကျင်းပရာ တောင်ဥက္ကလာပမြို့နယ် သာသနာ့ဝံသကျောင်း ပါရမီကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ သောဘနနှင့် သံဃာတော်များ၊ ကျောင်းအုပ်ကြီး ဦးထွန်းကြည်နှင့် ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုပြီး ဆရာတော်ဘဒ္ဒန္တ သောဘနထံမှ ငါးပါးသီလခံယူခြင်းနှင့် ဝါဆိုသင်္ကန်းကပ်လှူရခြင်း အကြောင်း တရားနာယူပြီး ဆရာတော်ကြီးအား ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည်နှင့် ဆရာမများက ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပြီး**(အပေါ်ပုံ)** ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

ရတနာဉာဏ်ရောင်ကျောင်း ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ရတနာဉာဏ်ရောင်ဓမ္မရိပ်သာကျောင်းတွင်နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဒုတိယဝါဆိုလပြည့်နေ့တွင် ဆက်ကပ်လှူဒါန်းပြီး ဝါတွင်းကာလ ၁၀ ရက် တရားစခန်းပွဲများကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၉ ရက်အထိ လည်းကောင်း၊ ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၈ရက် အထိလည်းကောင်း၊ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၇ရက်အထိလည်းကောင်း၊ အောက်တိုဘာ ၉ ရက်မှ ၂၂ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ဖုန်း-၅၄၃၃၅၅ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အဘိဓမ္မာနှင့် ဋီကာကျော် သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၀

ဩဂုတ် ၆ရက် (စနေနေ့)မှစ၍ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၂)ရပ်ကွက် ဆက်သွယ်ရေးဓမ္မာရုံ၌ မွန်းလွဲ ၁နာရီမှ ၂နာရီခွဲအထိ ဋီကာကျော်ကိုလည်းကောင်း၊ ဆက်သွယ်ရေး ဓမ္မာရုံနှင့် (၃၈)ရပ်ကွက် မင်္ဂလာအေးကျောင်းတွင် ညနေ ၃နာရီမှ ၄နာရီခွဲအထိ အဘိဓမ္မာကို လည်းကောင်း မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဘဒ္ဒန္တသုမင်္ဂလ (မဟာဂန္ထဝါစက ပဏ္ဍိတ)နှင့် ဆရာမာမက (သုတေသီ)တို့က ဓမ္မဒါနပို့ချပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာသင်ယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင် ၂၇ရက် နံနက် ၁၀နာရီက အထက(၄) ဗိုလ်တထောင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းဝင်များ၊ ဆရာမများ၊ ကျောင်းသူများ (၃၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပုစွန်မွေးမြူရေးကန်များအတွက်

ရေချိုပုစွန်တုပ် သားပေါက်များ ရောင်းရန်ရှိသည်။

ဆက်သွယ်ရန် - ကိုစိုင်း
၂၀၉၊ ကံဘဲ့ဘုတာရုံလမ်း၊ (၁၂)ရပ်ကွက်၊
ရန်ကင်း။
Ph: 01-578550°
01-247048

မင်္ဂလာဦးဆွမ်းကျွေးကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊
အင်းလျားကန်ဟိုတယ်လမ်း၊ အမှတ် ၄နေ
ဗိုလ်မှူးခင်မောင်ဝင်း(အထူးအရာရှိ၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-
ဒေါ်ဝေမာသွယ်(ညော့်လမ်းညွှန်)တို့၏သားကြီး

မောင်သီဟဇော် 1st B.Tech(Mechanical)နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊
မဟာမြိုင်ဝန်ထမ်းအိမ်ရာ၊ တိုက် ၄၂၊ အခန်း F-1 နေ
ဦးအောင်သူ-ဒေါ်အိအိဝေ(မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း)တို့၏
သမီးကြီး

မရည်မွန်သူ Final Year (English)

တို့၏ ၂၈-၇-၂၀၀၄ရက်တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအား လှိုက်လှဲစွာကျေးဇူး ဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သီဟဇော်-မရည်မွန်သူ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၆၆၊ ဇေယျာသီရိလမ်း၊ အကွက် ၃၀၊
သုဝဏ္ဏနေ ဦးမောင်မောင်အေး (Director, Htun Myat Aung Co.,Ltd., Century Dragon Limited, C.D Intertrade Co.,Ltd., C.D Industries & Construction Co.,Ltd.)နှင့်
ဒေါ်စန်းစန်းမြင့်တို့၏ သားငယ်

မောင်အုတ်ကျော်အေး
B.A(Oriental Studies), Dip.C.S

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အမှတ် ၆၈၇၊
ပိတောက်ရွှေဝါလမ်း၊ (၁၉)ရပ်ကွက်နေ ဦးတင့်အောင်(စာရင်းစစ်မှူး၊ အရှေ့ပိုင်းခရိုင်စာရင်းရုံး)နှင့် ဒေါ်ခင်မာအေး(အလယ်တန်းပြ၊ ငြိမ်း၊ အထက-၂၊ ဒဂုံတောင်)တို့၏ သမီးကြီး

မခင်ခင်အောင်
B.B.A, Dip.C.S

တို့သည် ၂၈-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် Traders Hotel (Summer Palace)၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အုတ်ကျော်အေး-မခင်ခင်အောင်။

သက်ဆိုင်သူများသိသာရန်

၂၇-၇-၂၀၀၄ ရက်၌ မြန်မာ့အလင်းသတင်းစာပါ ဒေါ်စန်းစန်းရီ၏ ကြော်ငြာတွင် ဦးလှမြင့် တီဂျီအို-၁၂၁၂၅၃နှင့် ဒေါ်စန်းစန်းရီ ကေပီယူ-၀၀၆၀၃၁ တို့၏ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်တရားရုံးတွင် ၂၄-၉-၁၉၇၈ရက်၌ လက်ထပ်သည်ဟူသော ကြေညာချက်သည် လုံးဝမှန်ကန်ခြင်းမရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးလှမြင့်
တရားရုံးချုပ်ရှေ့နေ(တောင်ငူ)
မှတ်ပုံတင်အမှတ်
တီဂျီအို-၁၂၁၂၅၃။

မယဉ်ယဉ်နွယ် ၁၃/ကမန(နိုင်)၀၀၀၅၇၇နှင့် မဇင်ဇင်ဦး ၉/မနမ(နိုင်)၁၀၉၃၃၉ တို့ နှစ်ဦးသိစေရန်ကြေညာချက်

Akhai Pharmaceuticals ၏တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော တော်ဝင်ရောင်စုံမြေရောင်းဝယ်ရေးကုမ္ပဏီလီမိတက် ယခင် Pharmadica Enterprise ၏ မန္တလေးရုံးခွဲတွင် Medical Representative(Sales Promoter) ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဦးသောင်းရွှေ၏သမီး မယဉ်ယဉ်နွယ် ၁၃/ကမန(နိုင်)၀၀၀၅၇၇နှင့် ဦးလှမြင့်၏သမီး မဇင်ဇင်ဦး ၉/မနမ(နိုင်)၁၀၉၃၃၉တို့သည် ကုမ္ပဏီပိုင်ငွေကြေးများကို ကုမ္ပဏီမသိရှိဘဲ (ကုမ္ပဏီ၏တာဝန်ကိုထမ်းဆောင်နေဆဲကာလအတွင်းတွင်) မိမိ၏ ကိုယ်အကျိုးအတွက် အလွဲသုံးစားပြုလုပ်ပြီး လာရောက်စာရင်းရှင်းလင်းခြင်းမရှိဘဲ ၂၀-၇-၂၀၀၄ ရက်မှစ၍ တိမ်းရှောင်နေပါသဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း တော်ဝင်ရောင်စုံမြေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ တာဝန်ခံမန်နေဂျင်းဒါရိုက်တာ ဦးကျော်မင်းစိုးနှင့် လာရောက် တွေ့ဆုံဖြေရှင်း၍ လက်ခံရယူထားသော ငွေကြေးများကို အမြန်ဆုံး လာရောက်ပြန်လည်ပေးအပ်ရန် အများသိစေရန်ကြေညာအပ်ပါသည်။ လာရောက်တွေ့ဆုံဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း မယဉ်ယဉ်နွယ်နှင့် မဇင်ဇင်ဦးတို့သိစေရန် ကြေညာအပ်ပါသည်။

တော်ဝင်ရောင်စုံမြေထရေးဒင်းကုမ္ပဏီလီမိတက်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းဝင်း(ဥပဒေအကျိုးဆောင်)
အမှတ်၁၀၈၊ ၃၉လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်မှု တိုင်းမှူးပိုလ်ချုပ်သူရမြင့်အောင် ကြည့်ရှုအားပေး

မော်လမြိုင် ဇူလိုင် ၂၀

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၄ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀ ကျော်တို့က သိပ္ပံကျောင်းလမ်း၊ နှင်းဆီလမ်း၊သာသနာ ၂၅၀၀ လမ်းထောင့်၊ သထုံတံတားလမ်း မြို့ပေါ်ရှိဈေးများ၊ ရပ်ကွက်များအတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

စနစ်တကျဆောင်ရွက်ရေးမှာကြား

ထို့နောက် တိုင်းမှူးသည် မြို့နယ်၊ ရပ်ကွက်အတွင်းရှိ တာဝန်ရှိသူများအား ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်သရိုက်များအား စနစ်တကျစွန့်ပစ်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေမြောင်းများ ရေလျှံမှုမဖြစ်စေရေးအတွက် စနစ်တကျဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(၁၆၈)**

ချီလီတင်းနစ်သမား ဂျင်နရယ်အိုးပင်းဖလားဆွတ်ခူး

ဩစတြေးယား ဇူလိုင် ၂၆

ချီလီမှ နီကိုလတ်မတ်ဆူးသည် တနင်္ဂနွေနေ့က ကျင်းပသည့် ဂျင်နရယ်အိုးပင်း အေတီပီတင်းနစ်ပြိုင်ပွဲ၌ အာဂျင်တီးနားမှ ပြင်သစ်အိုးပင်း ချန်ပီယံ ဂတ်စ်ကွန်ဂေါ်ဒီယိုအား ၇-၆၊ ၆-၄ ဖြင့် အနိုင်ရရှိသွားသည်။

တတိယအဆင့်ရှိမတ်ဆူးသည် အကြိုဗိုလ်လုပွဲတွင် ဂျာမနီမှ ရိုန်းနီးယား ရုပ်တလာကို အနိုင်ရရှိခဲ့သည်။ အသက် ၂၄ နှစ်အရွယ်ရှိမတ်ဆူးသည် ရုပ်တလာကို ၆-၃၊ ၆-၃ ဖြင့်အနိုင်ရရှိပြီးဆုကြေးငွေအဖြစ် ဒေါ်လာ ၉၈၀၆၀၀ ရရှိသွားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

ကမ္ဘာ့ အမျိုးသမီးဘော်လီဘော တရုတ်အသင်းအနိုင်ရ

ဟီဖေး (တရုတ်နိုင်ငံအလယ်ပိုင်း) ဇူလိုင် ၂၆

တရုတ်အမျိုးသမီး ဘော်လီဘောအသင်းသည် စနေနေ့က ဟီဖေး၌ ကျင်းပသည့် ကမ္ဘာ့ဂရင်းပရစ်ဇ် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် အီတလီကို နောက်ဆုံးပွဲစဉ်၌ ၃-၁ ဖြင့် ရှုံးနိမ့်ခြားသော်လည်း ၂၀၀၄ ခုနှစ် ကမ္ဘာ့အမျိုးသမီး ဘော်လီဘောချန်ပီယံဖြစ်သွားပြီ ဖြစ်သည်။

အီတလီအသင်းသည် တရုတ်အမျိုးသမီး ဘော်လီဘောအသင်းကို ၁၆-၂၅၊ ၂၅-၁၉၊ ၂၅-၂၁ နှင့် ၂၅-၂၀ တို့ဖြင့် ကစားခဲ့သည်။

တရုတ်၊ ပိုလန်နှင့် အီတလီတို့သည် နှစ်ပွဲနိုင်တစ်ပွဲရှုံးဖြင့် ပတ်လည်ကစားလာသည့် အသင်းများဖြစ်သည်။ ကမ္ဘာ့ဂရင်းပရစ်ဇ် အမျိုးသမီးဘော်လီဘော ချန်ပီယံဖြစ်သော တရုတ်အမျိုးသမီးအသင်းသည် အနိုင်အရှုံး အချိုးရမှတ်များနှင့်အတူ ဥရောပချန်ပီယံကိုနိုင်ကာ ထိပ်တန်းနေရာကို ရရှိသွားပြီဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကမ္ဘာတစ်လွှား အားကစား

ဘောလုံးသမားများ အသင်းအပြောင်းအရွှေ့

လန်ဒန် ဇူလိုင် ၂၈

ပရီမီယာလိဂ်အသင်းဖြစ်သော ချယ်ဆီးအသင်းသည် ပေါ်တူဂီ ဘောလုံးအသင်းဖြစ်သည့် ပေါ်တိုမှ နောက်တန်းလူ ရီကာဒိုကာဗယ်ဟိုအား ယူရိုသန်း ၃၀ ဖြင့် သုံးနှစ်စာချုပ်ကို အင်္ဂါနေ့က ချုပ်ဆိုလိုက်သည်။

အသက် ၂၆ နှစ် အရွယ်ရှိ ကာဗယ်ဟိုသည် သူ၏နည်းပြဟောင်းဖြစ်သည့် ပရီမီယာလိဂ်ကလပ်ရှိ ဂျို့စ်မိုရင်ဟိုနှင့် သွားရောက်အဆက်အသွယ်လုပ်မည်ဖြစ်သည်။



စပိန်ကလပ်အသင်းဖြစ်သည့် ရီးရဲမက်ဒရစ်အသင်းသည် အာဆင်နယ် ကပ္ပတိန် ပက်ထရစ်ဗီယာရား **(ယာအပေါ်ပုံ)**အား စပိန်ကလပ်သို့ ပြောင်းရွှေ့ရန် ဆွေးနွေးမှုများ သဘောတူပြီးဖြစ်ကြောင်း မာကာသတင်းစာက ၎င်း၏ ဝက်ဘ်ဆိုက်တွင် အင်္ဂါနေ့က ထုတ်လွှင့်သည်။ အဆိုပါ ဘောလုံးသမားသည် အသက် ၂၈ နှစ်ရှိပြီး ပြင်သစ်ကွင်းလယ် ကစားသမားတစ်ဦး ဖြစ်သည်။

ဆီနီဂေါ ကွင်းလယ် ကစားသမား ပိတ်ဘော်ဘာဒီယို့ပ်သည် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားတွင် ပြင်သစ်နှင့် ယှဉ်ပြိုင်ကစားရာ၌ ၎င်း၏စွမ်းဆောင်နိုင်မှုအပေါ် အောင်မြင်ကျော်ကြားလာသဖြင့် ပြောင်းရွှေ့စရိတ် ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ လေးနှစ်စာချုပ်ဖြင့် လင်းန်အသင်းမှ ဖူဟမ်အသင်းသို့ အင်္ဂါနေ့က ဆက်သွယ်ခဲ့သည်။

အသက် ၂၆ နှစ်အရွယ်ရှိဒီယို့ပ်သည် ပရီမီယာလိဂ်အသင်း ဖြစ်သော ပို့စ်မောက်၌ လေ့ကျင့်လျက်ရှိသည်။ ၎င်းသည် အရပ်ဖြေ ၃ လက်မရှိပြီး နောက်တန်းကစားသမားတစ်ဦး ဖြစ်သည်။

စပိန်နောက်တန်းလူ ဂျို့စ်မီသည် လီဗာပူးအသင်းနှင့် ပြောင်းရွှေ့ရေး ဆွေးနွေးမှုများကို သဘောတူညီထားသည်ဟု ပရီမီယာလိဂ်ကလပ်က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

အသက် ၂၄ နှစ်အရွယ်ရှိ ဂျို့စ်မီသည် နောက်တန်းကောင်း ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း၊ စာချုပ်ရန် အလွန်နီးစပ်နေပြီဖြစ်ကြောင်း လီဗာပူးမန်နေဂျာ ရာဖေးလ်ဘင်နီတက်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ကညွတ်ကွင်း(အနောက်)ကျေးရွာ၌ စပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်ပေး

ကညွတ်ကွင်း ဇူလိုင် ၂၈

ကညွတ်ကွင်းမြို့ ကညွတ်ကွင်း (အနောက်)ကျေးရွာအုပ်စုတွင် စပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၄ရက် နံနက်ရနာရီက ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားကို တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးသိန်းဌေး၊ ဖြူးမြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ခင်၊ ကညွတ်ကွင်း (နောက်) ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးကျော်မိုးဆွေနှင့် ဝန်ထမ်းများသည် တောင်သူ ဒေါ်ကြည်ဝင်းပိုင်လယ်ခုနစ်ဧကအတွင်းသို့ ငါးခုံးမကောင်ရေ ၃၅၀၀ အား ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

(အောက်ပုံ) (က-ပ)

ခုနစ်ဂိုးပိုင်ရှင် အာရီယာနို ရော်နယ်ဒိုနေရာခြိမ်းခြောက်ပြီ

လီမာ ဇူလိုင် ၂၇

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒို၏နေရာကို လုမည့်တစ်စုံတစ်ယောက်သောသူသည် အသင်းတွင် အခွင့်အလမ်းတစ်ရပ် ရရှိချိန်၌ ကောင်းမွန်အောင် ဆောင်ရွက်ခွင့် ရရှိခဲ့သည်ဟုဆိုသည်။

ဘရာဇီးတိုက်စစ်မှူး အာရီယာနိုသည် ကိုပါအမေရိကဖလားကို ရရှိအောင် ခြောက်ပွဲကစားကာ ခုနစ်ဂိုး သွင်းပေးလိုက်ခြင်းဖြင့် ရော်နယ်ဒို၏ နေရာကို ခြိမ်းခြောက်လိုက်သည်။

